မီဘလက်စ်ခွဲ



ကလေးအားလုံး အောင်မြင်နိုင်ပါသည်

ဖြိုးသာရ ပြန်ဆိုသည်

EVERY CHILD CAN SUCCEED

Cynthia Ulrich Tobias



ကာလ အာလု အောင်ဖြင့်နိုင်ပါသည်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၀၀၀၀၉၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၂၂၈၁၁၀၈ တို့ဖြင့်

မျက်နှာဖုံးပန်းချီ Ba Htay Kyi ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ တာမွေ၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ရိုက်နှိပ်ကာ ၂၀၀၉ခု၊ မတ်လတွင် တန်ဖိုး ၂၀၀၀ ကျပ် ဖြင့် ဖြန့်ချိသည်။

ဘာဘုံပဉ္စင် - ကိုတောင်ဇော (လှိုင်)

မိသားစုအပေါ် အာရုံစိုက်ခြင်းဖြင့် သင့်ကလေးအတွက် အကောင်းဆုံး သင်ယူမှုပုံစံကို ဖန်တီးပေးပါ

မှုရင်းစာရေးသူ
စင်သီယာအလ်ရစ်ချ်တိုဘီယာစ်

မာတိကာ

ရည်ညွှန်းစကား

ဤစာအုပ်ကို ကျွန်မ၏ မိဘများဖြစ်သော ရောဘတ်အလ်ရစ်ချ်နှင့် မီနီအလ်ရစ်ချ်တို့အား ရည်ညွှန်းဖွဲ့ဆို ရေးသားထားပါသည်။ ကျွန်မ၏ မိဘနှစ်ပါးစလုံးသည် ကျွန်မနှင့်ပတ်သက်ပြီး အဆင်မပြေမှု၊ စိတ်အနှောင့်အယှက်ဖြစ်မှု စသည့်အကြောင်း အမျိုးမျိုးကို ရင်ဆိုင်ကာ ခေါင်းမာသော၊ တစ်ဖွတ်ထိုးလုပ်တတ်သော၊ ဂနာမငြိမ်သော၊ အတပ်ပြောရခက်သော၊ ထင်ရာစိုင်းတတ်သော သမီးတစ်ယောက်အပေါ် ချစ်ခင်ကြင်နာခြင်း၊ စိတ်ရှည်သည်းခံခြင်းများဖြင့် အကောင်းဆုံးဖြစ်အောင် အားပေးတိုက်တွန်းခဲ့ကြသူများဖြစ်ပါသည်။

မိဘများ၏ နမူနာသည် ကျွန်မအတွက် အကောင်းဆုံးသောအမွေဖြစ်ပါသည်။ ကျွန်မအတွက် ကျွန်မ၏ ရင်သွေးများအပေါ် ကောင်းစွာထိန်းကျောင်းပဲ့ပြင်နိုင်စေရန် လမ်းညွှန်ပေးခဲ့ပါသည်။

စင်သီယာအလ်ရစ်ချ်တိုဘီယာစ်

ဘာသာပြန်သူ၏ အမှာ

သည်စာအုပ်ကိုရေးသားခဲ့သူမှာ စင်သီယာအလ်ရစ်ချ်တိုဘီယာစ်ဆိုသူ အမေရိကန် စာရေးဆရာမတစ်ဦး ဖြစ်ပါသည်။ သူသည် များစွာသောကိုးကားစာအုပ်များ၊ အတွေ့အကြုံဗဟုသုတများနှင့် စိတ်စေတနာတို့ကို ပေါင်းစပ်ပြီး ဤစာအုပ်ကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မကို ဘာသာပြန်ပေးရန် အပ်နှံသူကတော့ စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဦးစန်းဦး ဖြစ်ပါသည်။ စာအုပ်ကို ရရှိပြီး ခေါင်းစဉ်ကိုကြည့်ကာ အလွန်သဘောကျသွားခဲ့ပါသည်။ ကလေးမိခင်တစ်ဦးပီပီ ဤစာအုပ်ကို စိတ်ဝင်စားမိခြင်းဖြစ်ပါသည်။ ဘာသာပြန်ခြင်းနှင့် ဖတ်ခြင်းကို ကျွန်မတစ်ပြိုင်တည်းလုပ်ခဲ့ပါသည်။

စင်သီယာ၏ကျွမ်းကျင်စွာ ခေါ်ယူမှုတွင် ကျွန်မ ကွက်၍ချန်ထားမရအောင်ပင် အကြောင်းအရာများက စီစဉ်တကျရှိနေပါသည်။ အခန်း (၁၀) ခန်းစလုံး ပြီးစီးသွားသောအခါ ကျွန်မ အမှာစာရေးရန် တာဝန်ရှိလာသည်ဟု ထင်ပါသည်။ စာအုပ်ထဲရှိ အသုံးအနှုန်းများကို စာဖတ်သူ ယဉ်းပါးရန်လိုပါလိမ့်မည်။ စင်သီယာက ထိုခွဲခြားမှုများနှင့် ရှင်းလင်းသွားခြင်းဖြစ်ပါသည်။

ကလေးတိုင်း၊ လူတိုင်းဟု သင်ယူမှုပုံစံ Learning Style အမျိုးမျိုးရှိကြောင်း၊ သဘာဝမွေးရာပါ ထိုပုံစံကို ပြောင်းလဲပစ်၍ မရဘဲ ထိုပုံစံဖြင့်ပင် အိမ်၊ ကျောင်း၊ မိဘ၊ ဆရာ၊ ပတ်ဝန်းကျင်တို့နှင့် အဆင်ပြေပြေဆက်ဆံနေထိုင်ပြီး အောင်မြင်မှုဆီသို့ ချဉ်းကပ်သွားရမည့်နည်းလမ်းများကို ရေးသားထားပါသည်။ မိဘများ မည်သို့အကူအညီပေး၊ အထောက်အပံ့ပြုရမည်ကို အဓိကထား၍ ရေးထားသော ဤစာအုပ်၌ သတိပြုမှတ်သားထားရမည့် ဝေါဟာရများစွာရှိပါသည်။

Auditory = အကြားအာရုံထက်မြက်သော (ကြားရမှ)

Visual = အမြင်အာရုံစူးရှသော (မြင်ရမှ)

Kinetic = လှုပ်လှုပ်ရှားရှားနေတတ်သော (လှုပ်နေရမှ)

သင်ယူရာတွင် ကလေး၏ပင်ကိုယ်စွမ်းရည် (သို့)အလေ့အထအလိုက် ကွဲပြားမှုကို ဤသို့ခွဲ၍ ရှင်းပြထားပါသည်။

Analytic = သရုပ်ခွဲအသေးစိတ်မြင်တတ်သော

Global = အကုန်လုံး၍ အလုံးစုံခြုံမြင်တတ်သော

သင်ယူရာတွင် ယူပုံယူနည်းကို ဤသို့ နှစ်မျိုးကွဲနေကြောင်း ရှင်းပြထားပါသည်။

အထူးရှင်းလင်းထားသော သင်ယူပုံ (၄)မျိုးကို စာဖတ်သူများ မကြာခဏ တွေ့ကြရပါလိမ့်မည်။

C.S = Concrete Sequential လက်တွေ့ကျကျစီစဉ်တကျ

A.S = Abstract Sequential စိတ်ကူးတွေးတောစီစဉ်တကျ

A. R = Abstract Random စိတ်ကူးတွေးတော အလိုက်အထိုက်

C. R = Concrete Random လက်တွေ့ကျကျအလိုက်အထိုက်

ဆိုလိုရင်းကို ရှင်းလင်းစွာ နားလည်အောင် ကြိုးစား၍ စင်သီယာ၏ မျှော်လင့်ချက်အတိုင်း မိဘများ လက်တွေ့စမ်းသပ်ကြည့်ရန် ကျွန်မ တိုက်တွန်းလိုက်ပါသည်။

ဖြိုးသာရ

နိဒါန်းအမှာ

မိမိတို့၏ရင်သွေးများအတွက် စိတ်အနှောင့်အယှက်ဖြစ်ကြရသော မိဘတိုင်းအတွက် ဤစာအုပ်မှ အကောင်းဆုံးအကြံဉာဏ်များပေးနိုင်လိမ့်မည်ဟု ကျွန်မ ယုံကြည်မိပါသည်။ ဤစာအုပ်ကိုဖတ်ပြီးသည့်အခါ သင်တို့၏စိတ်အာရုံတွင် အရေးကြီးသောအချက်နှစ်ချက် ရောက်ရှိလာလိမ့်မည် ထင်ပါသည်။

၁။ ကျွန်မတို့ မကြာခဏ စိတ်အနှောင့်အယှက်ဖြစ်ရသော ကျွန်မတို့ ကလေးများ၏ အမူအကျင့်နှင့်အပြုအမူများသည် ၎င်းတို့အား လူကြီးများကဲ့သို့ အောင်မြင်မှုများ ရရှိလာအောင် ဖန်တီးပေးမည့်အရည်အသွေးများဖြစ်သည်။

သင့်ကလေး စကားအလွန်ပြော၊ အလွန်ဆော့၊ အလွန်အခွင့်အရေးယူသည်ဟု သင်ခံစားရပါလိမ့်မည်။ ယင်းတို့သည် တကယ်တမ်းပြောရလျှင် အောင်မြင်သော စီးပွားရေးစွမ်းဆောင်ရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၌ အမြဲတွေ့နိုင်သော လက္ခဏာတချို့ပင်ဖြစ်သည်။ သင်သည် သင့်ကလေးအား တာဝန်ခံမှု၊ စည်းကမ်းရှိထားမှုများဖြင့် သူတို့၏ အခြေခံလမ်းကြောင်းကို ထိန်းသိမ်းကြိုးကိုင်ပေးရမည်ဆိုသော်လည်း သင့်ကလေးများသည် သင့်အတွက် ကသိကအောက်ဖြစ်စေမည်ဖြစ်ကြောင်း သင် မမေ့စေလိုပါ။ သူတို့သည် ကြီးပြင်းလာသောအချိန်ရောက်မှသာ သူတို့အတွက် အကောင်းဆုံးအခြင်းအရာများအဖြစ် ပြောင်းလဲပုံဖော်သွားကြပါလိမ့်မည်။

၂။ သင့်ကလေးနှင့်သင်တို့၏ ဆက်ဆံရေးအခြေအနေသည် သင် အသုံးပြုသော နည်းလမ်းများ၏အကျိုးသက်ရောက်မှုများကို အဆုံးအဖြတ်ပေးမည် ဖြစ်သည်။

အကယ်၍ သင်တို့က ချစ်ခြင်းမေတ္တာနှင့်ကောင်းမွန်သောဆက်ဆံရေးကို သင်တို့၏ကလေးများနှင့် တည်ဆောက်နိုင်ခဲ့လျှင် သူတို့ကလည်း ထိုအချက်ကို တာရှည်ခံအောင် ထိန်းသိမ်းကာကွယ်သွားကြပေလိမ့်မည်၊ အကယ်၍ မိဘနှင့် သားသမီးအကြား ဆက်ဆံရေး မပြေပြစ်ခဲ့ပါ

လျှင် သင်တို့ ချမှတ်သောစည်းကမ်းနှင့် သင်တို့၏လုပ်ရှားမှုများ အကျိုးသက်ရောက်မည် မဟုတ်ပေ။ မည်မျှပင် ထက်မြက်ကြွေ့ခိုင်သောကလေးဖြစ်စေကာမူ တမင်ဖန်တီးထားသော (သို့မဟုတ်) သိသာပြောင်တင်းလွန်းလှသောနည်းလမ်းနှင့် ချဉ်းကပ်မှုများထက် ချစ်ခြင်းမေတ္တာနှင့် စစ်မှန်သောကြင်နာမှုအား ပို၍လိုလားတုံ့ပြန်မည် ဖြစ်ပေသည်။

ကျွန်မအနေဖြင့် ဤသဘောထားအယူအဆ မှန်သမျှတို့ကို တမင်ဖန်တီးရေးသားခြင်းမဟုတ်ပါ။ ယင်းတို့သည် ခိုင်မာသောလက်တွေ့မျက်မြင်ကိုယ်တွေ့ပါသော သုတေသနပြုမှုများကို အခြေခံထားပါသည်။ ဤစာအုပ်ပါ စာမျက်နှာများကို ဖတ်ရှုခြင်းဖြင့် သင်တို့ကိုယ်တိုင်နှင့် သင်တို့၏ကလေးများသည် ကြီးမားသောစွမ်းရည်နှင့်အလားအလာရှိသော ထူးခြားအံ့သြဖွယ်ရာလူသားများဖြစ်ကြောင်း သင်တို့ သဘောပေါက်လာကြပါလိမ့်မည်။

ဤစာအုပ်သည် သင်တို့မိသားစု၏ဘဝတစ်လျှောက်လုံး တွေ့ကြုံလာရမည့် အခြေအနေများအတွက် အကောင်းဆုံးအကျိုးသက်ရောက်မှုပေးနိုင်လိမ့်မည်ဟု ကျွန်မ ယုံကြည်မိပါသည်။

○

ကျေးဇူးတင်လွှာ

ကျွန်မ ကျေးဇူးတင်မှတ်တမ်းပြုလိုသူများမှာ မနားမနေအလုပ်လုပ်၍ အထောက်အကူပြုခဲ့သူ ကျွန်မ၏ခင်ပွန်း ဂျွန်နှင့် မစ္စတာမမ်၊ ကျွန်မ တန်ဖိုးထားလေးစားရသော မိတ်ဆွေများနှင့် လိုအပ်သောအကြံဉာဏ်၊ ဝေဖန်ဆန်းစစ်မှုတို့ ပြုပေးခဲ့ကြသော ကျွန်မ၏ကျောင်းနေဖက် ကယ်ရောလ်ဖန့်ခ်နှင့်ကေသီကော့ရ်၊ ရည်ရွယ်ချက်အပြည့်ဖြင့် စိတ်အားထက်သန်စွာ အားပေးခဲ့သူ ကျွန်မ၏အတွင်းရေးမှူး သူငယ်ချင်းချစ် ဒါလင်းဖလူ့ချ်၊ ကျွန်မအား စာရေးဆရာမကောင်းတစ်ယောက်ဖြစ်လာအောင် ပြုစုပျိုးထောင်ပါရမီဖြည့်ပေးခဲ့သော ကျွန်မ၏ ပထမဦးဆုံး အယ်ဒီတာ ဂျီဝင်အီးလစ်(စ်)တို့ဖြစ်ပါသည်။

O

How Can Such a Wonderful Kid Cause So Much Stress?

အခန်း (၁)
ကလေးတစ်ယောက်အတွက် တွန်းအား

ကလေးတစ်ယောက်ကို
ထူးထူးခြားခြား
ဘယ်လို
တွန်းအားပေးမလဲ

"မင်းပြောသလို မင်းဘာလို့ မလုပ်နိုင်တာလဲ"

"ဒီမှာ ငါ ညည်းကို စကားပြောနေတယ်၊ ငါ့ကို ကြည့်စမ်း"

"ဟဲ့၊ နင့်အခန်းကလည်း ကြွက်သိုက်ကျနေတာပဲ"

"မင်းမှာ ဘာရှိတယ်ဆိုတာ မင်း ခုထိ သဘောမပေါက်သေးဘူးလား"

"ကလေးတွေပေါ့၊ သူတို့အားလုံး သိတယ်လို့ သူတို့ ထင်နေကြတယ်၊ ရှင် သူတို့ကို ဘာမှပြောလို့ရနိုင်မှာ မဟုတ်ဘူး"

"မင်း နေပုံထိုင်ပုံတွေ ဒီထက်ပိုကောင်းလာအောင် စောင့်လိုက်ဦး"

မိဘတစ်ယောက်အနေဖြင့် သင်တို့သည် သင်တို့၏ကလေးမှာ ထူးခြားသော စွမ်းရည်နှင့် ထူးခြားအံ့သြဖွယ်အမူအကျင့်များ ပိုင်ဆိုင်သည့်ဘုရားပေးသောဆုဟူ၍ ခံယူသဘောထားကြမည်ဖြစ်သည်။

သို့သော် လက်တွေ့ရင်ဆိုင်ရသောအခါ ကလေးများအားလုံး အတူတူဖြစ်သည်။ သူတို့သည် သင်တို့အား ပျော်ရွှင်သာယာချမ်းမြေ့မှုများ ပေးနိုင်သကဲ့သို့ အကြီးမားဆုံး စိန်ခေါ်မှုကိုလည်း ပေးကြပါလိမ့်မည်။ အမှန်အားဖြင့် သင့်မိသားစုအတွင်းရှိ ကလေးတိုင်းတွင် ခြားနားသော စိန်ခေါ်မှုရှိကြကြောင်း သင် သတိထားမိနိုင်ပါသည်။ ဤမိသားစုအတွင်း ဤမိဘနှစ်ပါးမှမွေးလာသော ကလေးချင်းတူသည့်တိုင် မည်သို့ခြားနားသော စိန်ခေါ်မှုများရှိနေကြပါသနည်း။ သင့်ကလေးများသည် အများသူငါနှင့်ဆက်ဆံရာတွင် အဘယ်ကြောင့် သင့်သဘောအတိုင်း အလိုအလျောက်ဖြစ်မလာပါသနည်း။ သူတို့ သင့်ကို တမင်တကာ စိတ်အနှောင့်အယှက် ပြုနေကြလား။ သင့်ကို အရူးလုပ်ရန် ကြိုးစားနေကြသလား။

နှစ်ပေါင်းများစွာကပင် သုတေသနပြုသူများသည် လူတစ်ဦးချင်းစီ၌ရှိသော ထူးခြားမှုများ၏အကြောင်းရင်းများစွာကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဤကိစ္စသည် အလွန်ရှုပ်ထွေး၍ ပဟေဠိသဖွယ်ဖြစ်သည်ဟု ဆိုကြသည်။ သုတေသနပညာရှင်များသည် အချို့သောပင်ကိုစွမ်းရည်ပုံသဏ္ဌာန်များကို ခွဲခြားနိုင်ခဲ့ကြသည်။ ကွဲပြားသော ပင်ကိုစရိုက် အနည်းဆုံးလေးမျိုးရှိပြီး ခြားနားသောကိုင်တွယ်ဖြေရှင်းနည်းများနှင့် သင်ကြားမှုပုံစံများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ဤအချက်သည် သင်တို့အား အလွန်စိတ်ဒုက္ခပေးနိုင်ပါသည်။ သို့သော် ဤစာအုပ်က သင့်အတွက် မျှော်လင့်ချက်များပေးပါလိမ့်မည်။ အလုပ်များသော မိဘများအနေဖြင့် မည်မျှ စိတ်ပါဝင်စားတက်ကြွသည်ဖြစ်စေကာမူ ဤကိစ္စအတွက် စာအုပ်စာတမ်းများမှ နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေလေ့လာရန် အချိန်မပေးနိုင်ကြပေ။ သူတို့၏အတွေ့အကြုံများမှသာ တန်ဖိုးရှိသော စိတ်ကူးများကို တူးဖော်အသုံးချကြရပေသည်။ လူတစ်ဦးချင်းစီ၏ခြားနားမှုတို့ကို သုတေသနပြုသူများကတော့ လူတစ်ဦးတွင် ကိုယ်ပိုင်ပုံစံလိုအပ်ကြောင်း လက်ခံယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် သုတေသနပြုသူများ၏တွေ့ရှိချက်များကို လေ့လာရာတွင် သင့်အနေဖြင့် အမျိုးအစားတစ်ခုအတွင်း၌ သင်ကိုယ်တိုင် ကောင်းကောင်း အသားကျခံစားတတ်ရန် လိုအပ်ပေသည်။ သို့ရာတွင် တကယ်လက်တွေ့ရင်ဆိုင်ရချိန်၌ ထိုအယူအဆနားလည်မှုများသည် သင့်အား အနှောင့်အယှက်ဖြစ်ကာ အားမလိုအားမရမှုများ ကြုံတွေ့လာရမည်သာ ဖြစ်သည်။

ကျွန်မသည် ကျွန်မ၏ ပထမစာအုပ်ဖြစ်သော The Way They Learn "သူတို့ သင်ယူရမည့်နည်းလမ်း"တွင် သုတေသနပုံစံငါးမျိုးနှင့် မိတ်ဆက်ပေးခဲ့ပါသည်။ ယင်း၌ လူတိုင်းပိုင်ဆိုင်သော မွေးရာပါပင်ကို စွမ်းရည်နှင့်စရိုက်များ ပါဝင်ပါသည်။

အကယ်၍ ကိုယ်ပိုင်ပုံစံနှင့် ပင်ကိုစရိုက်သည် လူတစ်ဦးချင်းစီ၏ ပဟေဠိ၌ အထင်ရှားဆုံး အပိုင်းကဏ္ဍအချို့ဖြစ်သည် ဆိုပါလျှင် သူတို့၏ သင်ယူမှုပုံစံများသည် သူတို့အား လုပ်အောင် အနားကွပ်ပေးသည့်အပိုင်းအစများဖြစ်သည်ဟု ဆိုချင်ပါသည်။ သင်တို့ မည်သို့ခံစားရကြောင်း၊ မည်သည်က သင်တို့အတွက် အရေးကြီးဆုံးဖြစ်ကြောင်း၊ အပြည့်အဝနားလည်မှုနှင့် ဆက်ဆံရေးပြေပြစ်မှုအတွက် မည်သည်တို့လိုအပ်ကြောင်း သင်တို့၏ သင်ယူမှုပုံစံများက သင်တို့အား အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်သည်။

ထိုစာအုပ်ထွက်ရှိပြီး မကြာမီပင် အမေရိကန်ပြည်ထောင်စုဝါရှင်တန်မှ အထက်တန်းအဆင့်ကျောင်းတစ်ကျောင်းတွင် LAP (Learning Assitance Program) သင်ယူမှု အထောက်အကူပြု အစီအစဉ်အတွက် ငွေကြေးအချို့ လက်ခံရရှိခဲ့သည်။ ထိုအစီအစဉ်တွင် ပါဝင်သော ကျောင်းသားများသည် မိမိတို့ကျောင်းအတွင်း၌ အပြင်းအထန် ကြိုးပမ်းအားထုတ်ခဲ့ကြသော်လည်း ပြည့်ဝသော အထူးပညာရေး ရန်ပုံငွေနှင့်လမ်းညွှန်ချက်များကို မရရှိခဲ့ကြပေ။ ထို (၇)တန်း၊ (၈)တန်း၊ (၉)တန်း ကျောင်းသူကျောင်းသားများသည် ပညာရေးဆိုင်ရာဘာသာရပ်များစွာတို့၌ အားနည်းခဲ့ကြသော်လည်း လူငယ်အချို့၏ ဆိုးသွမ်းမှုများကိုမူကား အနားသတ်ပေးနိုင်ခဲ့ပေသည်။ ထိုသီးသန့်ကျောင်းသားကလေးများနှင့် အလုပ်လုပ်ရန်အတွက် မစ်(စ်)ထရှိုင်းဟူသည့် ကျောင်းဆရာမတစ်ယောက်အား အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခဲ့ကြသည်။ သူမသည် အထူးလေ့ကျင့်ထားသော လက်မှတ်ရ ဆရာမတစ်ဦး ဖြစ်သည်။

ကျွန်မတို့ အတူတကွ တွေ့ဆုံညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီး အစီအစဉ်များချမှတ်ခဲ့ကြပါ

သည်။ ထိုအစီအစဉ်များသည် ကျောင်းတွင်း၌ ကျောင်းသားများ၏ ဆောင်ရွက်လုပ်ရှားမှုများ အပေါ် အားဖြည့်ကူညီနိုင်ရေးအတွက် အသုံးချရန် ရှာဖွေထားသည့် သင်ယူမှုပုံစံများပင်ဖြစ်သည်။ ထို့အတူ သူတို့ကလေးများ၏ဘဝအောင်မြင်မှုအတွက် အဆင်ပြေစေနိုင်မည့် စွမ်းရည်များကို မြှင့်တင်ပေးရေးလည်း ပါဝင်သည်။ ထိုကျောင်းတွင် ထိုစာအုပ်ကို အစီအစဉ်တွင်ပါသော ကျောင်းသားတိုင်း ကူးယူစေပြီး မစ်(စ်)ထရှိုင်းက တရားဝင်(သုတေသနပြုအထောက်အထားများ အရ)နှင့် တရားမဝင်(အတိုချုပ်နှင့် သိပ္ပံနည်းကျမဟုတ်သော တိုင်းတာချက်များဖြင့်) ကျောင်းသား များကို အကဲဖြတ်ပေးနိုင်ခဲ့ပေသည်။

မစ်(စ်)ထရှိုင်းသည် သူ့အလုပ်ကို မမောနိုင်မပန်းနိုင်ကြိုးပမ်းအားထုတ်ခဲ့သည်။ သူ တစ်ဦး တည်းဖြင့် ကျောင်းသား(၈၀)ကျော်ကို ရက်သတ္တာခြောက်ပတ်ခန့် ကိုင်တွယ်ထုဆစ်ပေးခဲ့သည်။ စာအုပ်တွင်ပါသော သုတေသနပုံစံ ငါးမျိုးစလုံးဖြင့် ကလေးများအလိုက် လွှမ်းမိုးနိုင်မှုအပေါ် လမ်းညွှန်ကူညီပေးခဲ့သည်။ ကျွန်မသည် ထိုကျောင်းရှိ ဝန်ထမ်းများနှင့် နာရီအနည်းငယ်ကြာ တွေ့ဆုံ၍ ဆွေးနွေးညွှန်ကြားခဲ့ပြီး စိတ်ဝင်စားသော မိဘများနှင့်လည်း မိဘဆရာအသင်းအစီအစဉ် ၌ တွေ့ဆုံ၍ စကားပြောခဲ့ပါသည်။

ကျောင်းသားများ၏ တုံ့ပြန်မှုကား အလွန်အလွန်ကောင်းမွန်လှပေသည်။ သူတို့သည် သူတို့ မည်သို့သင်ယူခဲ့ကြသနည်းဟူသည့် လူကြီးများ၏မေးခွန်းအတွက် အလွန်ပင် ဂုဏ်ယူဝမ်း မြောက်ကြသည်။ သူတို့သည် သူတို့ဆရာမက သူတို့အား နည်းပရိယာယ်အသွယ်သွယ်အသုံးပြု ထုဆစ်ခဲ့ကြောင်း လုံးဝမစဉ်းစားမိနိုင်ကြပေ။ အောင်မြင်မှုဇာတ်လမ်းများစွာရှိသည့်အနက် ဂျိတ် အကြောင်းက အထင်ရှားဆုံးဖြစ်သည်။ ဂျိတ်သည် (၉) တန်းကျောင်းသားတစ်ဦးဖြစ်ပြီး ကျောင်း အုပ်ကြီး ရုံးခန်းတွင် ခြေထောက်တစ်ဖက်၊ ဂျူဗီနိုင်းလ်ခန်းမတွင် ခြေထောက်တစ်ဖက်ရပ်ခဲ့သူ ဖြစ်သည်။

မစ်(စ်)ထရှိုင်းသည် ဂျိတ်ကို ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။ သူသည် ဘာသာရပ်တိုင်း၌ ကျရှုံးပြီး အိမ်စာမှန်သမျှ မလုပ်ခဲ့ပေ။ ယင်းမှာ တစ်နှစ်ခွဲခန့်ပင်ရှိလေပြီ။ မစ်(စ်)ထရှိုင်းက *"သူက တကယ်တော်တဲ့ကလေးပါ"* ဟု ပြောသည်။ *"သူက ဉာဏ်ကောင်းတယ်၊ အစွမ်းအစရှိတယ်၊ သူ့မှာ အံ့သြစရာကောင်းတဲ့ ဟာသဉာဏ်လည်း ရှိတယ်၊ ဒါပေမယ့် ဒီအရည်အချင်းတွေက ဂျိတ် ဘာပဲလုပ်လုပ် ရောင်ပြန်ဟပ်မလာတာဘဲ ရှိတယ်"* ဟု ကောက်ချက်ချသည်။ ဂျိတ်၏ သင်ယူမှုပုံစံ လွှမ်းမိုးမှုအား ဆန်းစစ်ပြီးသည့်အခါ မစ်(စ်)ထရှိုင်းက သူနှင့် ဆွေးနွေးမှု ပြုလုပ်သည်။

ပထမတွင် ဂျိတ်၌ သူ၏သင်ယူမှုပုံစံ အကဲဖြတ်ရလဒ်အဖြေများအပေါ် စိတ်ဝင်စားမှု မဖြစ် ပေါ်လာခဲ့ပေ။ မစ်(စ်)ထရှိုင်းက The Way They Learn မိတ္တူစာအုပ်ကိုယူ၍ သူ့ရှေ့စားပွဲပေါ်သို့ တွန်းပို့လိုက်သည်။

"ဒါ မင်းစာအုပ်လား ဂျိတ်"

သူမက မေးလိုက်သည်။

သူက ပြုံးဖြဲဖြဲလုပ်၍ ခေါင်းရမ်းသည်။

"အို၊ မဟုတ်ပါဘူး၊ ကျွန်တော်က စာအုပ်တွေ မဖတ်ဘူး"

မစ်(စ်)ထရှိုင်းက ခွဲမလျှောပေ။

"ဒီစာအုပ်က မင်းဟာပါကွ၊ မင်း မသိချင်ယောင်ဆောင်နေတယ် ဆိုတာ ငါသိပါတယ်" ဟုပြောလိုက်ပြန်သည်။

သူက စိတ်မဝင်စားဟန်ဖြင့် ပခုံးတွန့်၍ စာအုပ်ကို ကောက်ယူကာ ထွက်သွားသည်။

ရက်အနည်းငယ်ကြာသော် မစ်(စ်)ထရှိုင်းသည် သူ၏ဌာန စာတိုက်ပုံးတွင် အရေးပေါ်သတင်းတစ်ရပ်ကို လက်ခံရရှိခဲ့သည်။ ဂျိတ်၏မိခင်က သူမနှင့် တွေ့ဆုံ စကားပြောလိုသည်ဟု ဆိုသည်။ သူမ အနည်းငယ် စိုးရိမ်ပူပန်မှုဖြင့် အလိုမကျမှုများ ဖြစ်ပေါ်လာခဲ့သော်လည်း ဂျိတ်၏မိခင်ကို ဆွေးနွေးခွင့်ပြုရန်ခေါ်လိုက်သည်။ မစ်(စ်)ထရှိုင်းသည် ဂျိတ် မိခင်နှင့် ထိုနေ့ခင်းတွင် တွေ့ရန် စီစဉ်ခဲ့သည်။

ဂျိတ်မိခင်သည် မစ်(စ်)ထရှိုင်းနှင့်တွေ့ဆုံချိန်၌ အသက်ပင်ရဲရဲ မရှုံ့ရှာပေ။ ၎င်းကစ၍ စကားပြောရာတွင်

*"ရှင် ကျွန်မသားကို ဘာလုပ်လိုက်သလဲ၊ ကျွန်မ မသိဘူး"*ဟု ဆိုသည်။

"တစ်နေ့က သူ ဒီစာအုပ်နဲ့အတူ အိမ်ရောက်လာတယ်"

၎င်းက ဂျိတ်၏ *"သူတို့သင်ယူရမည့်နည်းလမ်း"*စာအုပ်ကို ထောင်ပြသည်။

"သူက ပြောတယ်၊ အမေ၊ ဒီစာအုပ်ကို အမေပြီးအောင်ဖတ်ပါ၊ ဒီစာအုပ်ထဲမှာ ကျွန်တော့်အကြောင်းပါတယ်တဲ့။ ပြီးတော့ သူက သူ့အဖေနဲ့ ကျွန်မကို မီးဖိုဆောင်စားပွဲမှာ ထိုင်ခိုင်းပြီး ရှင် သူ့ကိုပြောပြလိုက်တဲ့ သင်ယူမှုပုံစံညွှန်ကြားချက် အမျိုးမျိုးကို ရှင်းပြတော့တာပဲ။ အဲဒီအထဲက သူနဲ့လိုက်ဖက်တာတစ်ခုကို ထုတ်ပြတယ်၊ သူ ကျောင်းမှာ လုပ်ခဲ့သမျှအပေါ် တစ်ခါမှ သူ ဒီလောက် စိတ်လှုပ်ရှားတာ ကျွန်မ မတွေ့ဖူးဘူး"

မစ်(စ်)ထရှိုင်းက ပြုံးသည်။ သူမ စကားပြန်မပြောနိုင်မီ ဂျိတ်အမေက ဆက်ပြောသည်။

"ဒီမှာ အကောင်းဆုံးအပိုင်းပေါ့၊ မနေ့က ကျွန်မတို့ သူ့ကျောင်းအတွက် လိုတာလေးတွေဝယ်ဖို့ ဈေးသွားကြတယ်၊ ဂျိတ်က သူ အင်္ဂလိပ်စာ အိမ်စာလုပ်နေတုန်းမို့လို့ သူ့ကို ခဏစောင့်နိုင်မလားလို့ မေးခဲ့တယ်၊ ကျွန်မတော့ တကယ့်ကို ကြက်သေသေသွားတဲ့အထိ အံ့ဩခဲ့ရပါတယ်၊ ကျွန်မတို့ သူ့ကိုစောင့်ခဲ့ကြတယ်၊ သူ ပထမဆုံးအကြိမ် လပတ်အိမ်စာတွေကို ပြီးအောင်လုပ်ခဲ့တယ်"

ဂျိတ်အမေသည် သူ့ကိုသူ ယိုင်မသွားအောင် ထိန်းလိုက်ပြီး မျက်လုံးအိမ်၌ မျက်ရည်များ ပြည့်လျှံလာပေသည်။

"ရှင် ဘယ်လိုလုပ်လိုက်သလဲ၊ ကျွန်မ မသိပါဘူး၊ ဒါပေမယ့် ကျွန်မသားကလေး ဟာ အရင်ကနဲ့ လုံးဝခြားနားတဲ့ကလေးတစ်ယောက်ဖြစ်သွားပါပြီ၊ ပြောပြပါလား ရှင်၊ သူ့ကို ရှင်ဘယ်လို ပြုပြင်လိုက်သလဲဆိုတာ ကျွန်မ သိပါရစေ"

မစ်(စ်)ထရှိုင်းသည် ဂျီတာ၏ မိခင်နှင့်အတူ ဒါဇင်ပေါင်းများစွာသော အခြားမိဘများကိုပါ ကူညီပေးနိုင်ခဲ့သည်။ သူတို့ကလေးများ၏ သင်ယူမှုပုံစံစွမ်းရည်အပေါ် သူတို့ပြုလုပ်ရမည့် ပရိယာယ်များအား လက်တွေ့ပြသပေးခဲ့ပါသည်။

ထိုကျောင်းဌ ကျောင်းသားအားလုံးအတွက် နှစ်စဉ်နှစ်တိုင်း တိုးချဲ့အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အကြံအစည်များ ပေါ်ထွန်းလာခဲ့သည်။ ကျောင်း သားများသည် ထိုအစီအစဉ်အပေါ်တွင် အလွန်စိတ်လှုပ်ရှားစွာဖြင့် ပါဝင်လိုလာခဲ့ကြ သည်။

သင်ယူမှုပုံစံများသည် တကယ်တော့ မော်အတတ်ပညာ ဖော်မြူလာမဟုတ်ပါ။ ကျွန်မတို့၏ အခက်အခဲများကို အလျင်အမြန် ဖြေရှင်းနိုင်မည့် အဖြေလွှာများလည်းမဟုတ်ပါ။ သို့သော် ယင်းတို့သည် ကျွန်မတို့ မိဘများနှင့်ကလေးများအကြား လိုက်လျောညီထွေမှု စတင်တည်ဆောက်ရေးနှင့် တစ်ဦးချင်းစွမ်းရည်အလိုက် ချဉ်းကပ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော ကန့်သတ်ချက်ဘောင်တစ်ခု ဖြစ်လာပေလိမ့်မည်။ ကလေးတို့သည်လည်း အောင်မြင်မှုများရရှိလာကြပြီး ထာဝရသင်ယူသူများ ဖြစ်လာပေလိမ့်မည်။ သင်ယူခြင်းအပေါ် မြတ်နိုးသောစိတ်ဖြင့် ဘဝခရီးလမ်းတွင် ထာဝရသင်ယူခြင်းများကို ခံယူကာ အောင်မြင်သူကလေးများ ဖြစ်လာပေလိမ့်မည်။

ကျွန်မတို့သည် မိဘများနှင့်ဆရာများအား သင်ယူမှုပုံစံ၏အတွေ့အကြုံများဖြင့် အခွင့်အလမ်းများ ဖန်တီးပေးစွမ်းနိုင်ပါသည်။ လက်ရှိကျောင်းများ၏ပညာရေးစနစ်တွင်လည်း ပိုမိုအသေးစိတ်ကျသော လမ်းပြမြေပုံကို ကျွန်မတို့ ဖြန့်ဖြူးပေးနိုင်ပါသည်။ ကျွန်မတို့အနေဖြင့်လည်း ကလေးများအောင်မြင်ရေးအတွက် များစွာသော နည်းလမ်းများ၊ နည်းဗျူဟာများကို ကူညီရှာဖွေရန် လိုပါသေးသည်။

ထိုအချက်ကို သင်တို့ ဤစာအုပ်ပါ အခန်းများ၌ ဆက်လက်ခြေဆန့်ရှာဖွေကြည့်ကြပါ။ ကလေးများအတန်းကြီးသည်အထိ လက်ကိုင်ပြုရမည့် တန်ဖိုးမဖြတ်နိုင်သောအကြံအစည်များနှင့် ကွဲပြားခြားနားသော နည်းဗျူဟာများကို သင်ရှာဖွေတွေ့ရှိရပါလိမ့်မည်။

ကျွန်မအနေဖြင့် ကလေးများအား ဤသင်ယူမှုပုံစံကို အခွင့်အရေးတစ်ရပ်အနေဖြင့် အားကိုး ယုံကြည်နေစေဖို့ကိုမူ မထောက်ခံနိုင်ပါ။ သို့တည်းမဟုတ် သူတို့၏ မဖွယ်မရာအပြုအမူများအတွက် ဤပုံစံကို အသုံးချဖို့ကိုလည်း အတည်ပြုမပေးနိုင်ပါ။

များစွာသော လူကြီးတို့သည် လူတိုင်းလူတိုင်းအဆင်မပြေမှုများဖြင့် ကြီးပြင်းလာခဲ့ရသည်ဟု ထင်တတ်ကြပါသည်။ ကလေးများမှာလည်း သူတို့၏ ထုံးတမ်းစဉ်လာ ပညာရေးစနစ်တွင်

ပို၍ပို၍ အံ့မဝင်တော့ကြောင်းကိုလည်း တွေ့ရှိလာရပါသည်။ ကျွန်မတို့သည် သင်ယူမှုပုံစံများ သုတေသနပြုချက်အရ အဆင်ပြေရေးအတွက် နည်းလမ်းများစွာရှိကြောင်း ရှာဖွေတွေ့ရှိခဲ့ပြီးသလို သက်သေပြနိုင်ခဲ့ကြပြီးလည်း ဖြစ်ပါသည်။

သဘာဝတရားကြီးက လူတစ်ဦးချင်းစီအတွက် ထူးခြားသောလက်ဆောင်များ ဖန်တီးပေးထားသည်ဟု သင်တို့ယုံကြည်ပါသလား။ မွေးဖွားလာကတည်းကပင် လူတစ်ဦးချင်း၌ ခန္ဓာကိုယ်သတ်မှတ်ချက် အဆင်းသဏ္ဌာန်ပုံစံနှင့်အတူ ထူးခြားအံ့ဖွယ်သောစွမ်းရည်တို့ဖြင့် အထောက်အပံ့ပြုထားပေးပြီးဖြစ်ပါသည်။ ထောင်ပေါင်းများစွာသော လူတို့သည် အသက်အရွယ်မှန်သမျှ၌ မိမိတို့၏ အရည်အချင်းနှင့် အစွမ်းအစများ အောင်မြင်လာအောင် တိုက်ရိုက်ပုံသွန်းမှုကို ဖန်တီးကြရမည်သာ ဖြစ်သည်။

သင် ဤစာအုပ်ကို ဖတ်ပြီးသည့်အခါ သင်နှင့်သင့်ရင်သွေး နားလည်မှုရှိ စေရေးအတွက် သင့်ကို အထောက်အကူမှုမည့် မည်သည့်အချက်များ သင်ရှာဖွေတွေ့ရှိသနည်းဟူသည်ကို ပြန်လည်သုံးသပ်ကြည့်ပါ။ စာအုပ်ကိုဖတ်ပြီး အာရုံသွင်းထားပါ။ သင့်ကလေး၏ သင်ယူမှုပုံစံစွမ်းရည်ကို အသုံးချခြင်းဖြင့် သင့်ကလေး အောင်မြင်မှုရရှိလာစေရေးအတွက် သင်ကိုယ်တိုင် ကူညီပေးနိုင်ရန် တတ်နိုင်သလောက် လိုက်လျောညီထွေဖြစ်အောင် ကြိုးစားပါ။

သင်ရော၊ သင့်မိသားစုရော၊ သင့်ပတ်ဝန်းကျင်တွင်ပါ ဤဗဟုသုတများ၊ ကွဲပြားခြားနားသောအတွေ့အကြုံများဖြင့် သင်ယူမှုပုံစံများကို အသုံးချကာ အံ့သြ လောက်ဖွယ်အကျိုးခံစားလာရမည်ဟု ကျွန်မယုံကြည်ပါသည်။

သင့်ရင်သွေး၏အချို့သောစွမ်းအားများနှင့် အရည်အသွေးများသည် သင့်အား စိတ်အနှောင့်အယှက်ဖြစ်စေသော်လည်း သင့်အနေဖြင့် ယင်းအခြေအနေအပေါ် နားလည်သဘောပေါက်စွာဖြင့် ထိန်းကျောင်းပဲ့ကိုင်သွားနိုင်ပါလိမ့်မည်။

ဆောင်ရွက်ရန်အကြံပြုချက်

သင်တို့၏ကလေးအသီးသီးနှင့်ပတ်သက်၍ အတိုချုပ်မှတ်တမ်းတစ်ခု ထားရှိပါ။ အကယ်၍ နေ့စဉ်မပြုလုပ်နိုင်ပါက တစ်ပတ်တစ်ကြိမ် ပြုလုပ်ပါ။ အောက်ပါလမ်းညွှန်မေးခွန်းများကို အသုံး ပြုပါ။

၁။ ဒီအပတ်အတွင်း ငါ့ကလေးကို အပျော်ဆုံးဖြစ်အောင် ငါ ဘာလုပ်ပေးသလဲ။

၂။ သူ့ကို ငါ ဘာအနှောင့်အယှက်ပေးခဲ့သလဲ။

၃။ ဒီအပတ်အတွင်း ငါနဲ့ ငါ့ကလေးတို့ ဘာတွေစကားစမြည်ပြောခဲ့ကြသလဲ၊ ငါ အမှတ်မိဆုံးက ဘာလဲ၊ ဘာကြောင့်လဲ။

၄။ ဒီအပတ် ငါ ကလေးနဲ့ ဘာအသစ်တစ်ခုလုပ်ခဲ့သလဲ၊ ဘယ်လိုလုပ်ခဲ့သလဲ။

၅။ ဒီအပတ် ကလေး တကယ်အစွမ်းအစပြနိုင်ခဲ့တာ ဘယ်ဟာလဲ။

၆။ အရင်အပတ်က ငါ မသိခဲ့တဲ့ ကလေးအကြောင်း ဒီအပတ် ဘာသိသလဲ။

O

Parents, Do Your Homework First!

အခန်း (၂)
မိဘများ ရှေးဦးပြင်ဆင်မှု

မိဘများ
ပထမဦးစွာ
ကိုယ်တိုင်ကိုယ်ကျ
ကြိုတင်ပြင်ဆင်ပါ။

သင် ဤစာအုပ်ကို ဖတ်ကောင်းဖတ်မိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သင်သည် သင့်ကလေး ပျော်ရွှင်စေရန်နှင့် အောင်မြင်မှုရစေရန် ကူညီပေးနိုင်ရေး အတွက် နည်းလမ်းရှာဖွေနေသူ ဖြစ်သောကြောင့် ဖြစ်သည်။

- သင်တို့သည် သင်တို့၏ကလေးများကို ကျောင်းတွင် အောင်မြင်မှုရရှိပြီး ဘဝတစ်လျှောက် လုံးအတွက် သင်ယူနိုင်သူများဖြစ်လာစေလိုပေလိမ့်မည်။

သင်သည် သင့်ကလေးကို မကူညီနိုင်မီ သင်ကိုယ်တိုင် သင်၏သင်ယူမှုပုံစံ စွမ်းရည်ကို နားလည်ထားရန်လိုအပ်ပေသည်။ ဤအချက်သည် ဤအခန်း၏ အနှစ်သာရဖြစ်ပြီး သင်နှင့် သင့်ကလေးတို့အတွက် အစဉ်ဆောင်ရွက်ရန် အရေးကြီးဆုံးသော ကြိုတင်ပြင်ဆင်မှုများ ဖြစ်လာ နိုင်ပါသည်။

အောက်တွင် ဖော်ပြထားသောဖြစ်စဉ်သည် Max Lucado ၏ မုန်တိုင်း၏ မျက်လုံးထဲ ၌ ' In the Eye of the Storm' မှ ဖြစ်သည်။ ယင်းသည် မိဘများအတွက် အရေးကြီးသော လမ်းညွှန်ချက်များဖြစ်သည်။ ကလေးများအတွက် မျှော်လင့်ချက်မထားမီ မိဘများကိုယ်တိုင် သူတို့၏တာဝန်များ ပြည့်ဝစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လမ်းပြပေးထား သည်။

၁၉၂၁ ဖေဖော်ဝါရီလ (၁၅) ရက်၊ နယူးယောက်မြို့တော်။ ကိန်းဆန်း မစ်ဆေးရုံ ခွဲစိတ်ခန်း။

ဆရာဝန်တစ်ယောက် အူအတက်ဖြတ်တောက်ခွဲစိတ်ကုသမှု ဆောင်ရွက်နေစဉ်။

သမားရိုးကျဖြစ်သည်။ ဤခွဲစိတ်ကုသမှုသည် ထူးခြားမှုမရှိပါ။ လူနာသည် အလွန်အမင်း ဗိုက်နာသည်ဟုဆိုကာ ရောက်လာသည်။ ရောဂါစစ်တမ်းမှာလည်း အူအတက်ရောင်နေကြောင်း ထင်ရှားသည်။ ဒေါက်တာ အီဗန်အိုနီးလ်ကိန်းသည် ခွဲစိတ်ကုသမှုကို ဆောင်ရွက်လျက် ရှိသည်။ သူ၏ ဆရာဝန်သက်တမ်း (၃၇)နှစ် အတွင်း သူသည် အူအတက် ဖြတ်တောက်ခွဲစိတ်ကုသမှုပေါင်း အနည်းဆုံးအကြိမ် (၄၀၀၀) ဆောင်ရွက်ပြီးဖြစ်သည်။ ပုံမှန်အားဖြင့် ဤခွဲစိတ်ကုသမှုသည် သူ့အတွက် ထူးခြားမှု တစ်စုံတစ်ရာ မရှိလှပါ။

သို့ရာတွင် ယနေ့ခွဲစိတ်ကုသမှုကား အသစ်အဆန်းတစ်ရပ်ဖြစ်နေတော့သည်။ အဘယ်ကြောင့်နည်း။

ဒေါက်တာကိန်းသည် မေ့ဆေးပေးခြင်း၏ ဘေးအန္တရာယ်မှ ကာကွယ်ရေးလူပ်ရှားမှုတွင် ပါဝင်သူတစ်ဦးဖြစ်သည်။ သူသည် အဓိကခွဲစိတ်ကုသမှုအတွက် ထုံဆေးကိုအသုံးပြုရန် ကြံစည်ခဲ့သည်။ သူက ခန္ဓာကိုယ်၏အစိတ်အပိုင်းတစ်ရပ်အတွက်သာ ထိရောက်မှုရှိသော လိမ်းဆေးသည် ပိုမိုစိတ်ချရကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။

သူ၏အဆိုကို သူ့လုပ်ဖော်ကိုင်ဖက်များက လက်ခံခဲ့ကြသည်။ သို့သော် သူတို့မှာ သဘောတရားအရသာ သိရှိထားကြခြင်းဖြစ်ပြီး လက်တွေ့လေ့ကျင့်ဆောင်ရွက်ခြင်းမရှိခဲ့ပေ။

ဒေါက်တာကိန်းသည် ထုံဆေးဖြင့် ခွဲစိတ်လိုသောလူနာ၏ဆန္ဒအတွက် ကူညီပေးမည့် သူ့အစီအစဉ်၌ လိုအပ်သောစေတနာ့ဝန်ထမ်းတစ်ဦးကို ရှာဖွေခဲ့သည်။ ထိုစေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်အား သူအလွယ်တကူ ရှာမရနိုင်ဘဲ ရှိနေသည်။

အများအားဖြင့် ခွဲစိတ်မှုအချိန်အတွင်း သူတို့ကိုယ်တိုင် နိုးကြားနေမည့်အဖြစ်အပေါ် ရုက်ရွံ့ခြင်းကြောင့်ဖြစ်၏။ အချို့ကတော့ ခွဲစိတ်ကုသနေစဉ် တဖြည်းဖြည်းဆေးပြယ်သွားမည်ကို စိုးရွံ့သောကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် ဒေါက်တာကိန်းတစ်ယောက် ကိုယ်စားလှယ်တစ်ဦးကို ရှာဖွေတွေ့ရှိသွားခဲ့သည်။ ဖေဖော်ဝါရီ (၁၅)ရက် ကြာသာပတေးနေ့ နံနက်တွင် သမိုင်းတွင်သော ခွဲစိတ်ကုသမှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

လူနာသည် ကြိုတင်ပြင်ဆင်ထားပြီး ခွဲစိတ်ခန်းအတွင်းသို့ ဘီးတပ်ကုလားထိုင်ဖြင့် ရောက်ရှိလာသည်။ ခွဲစိတ်မည့်နေရာကို ထုံဆေးဖြင့် သုတ်လိမ်းသည်။ ထောင်ပေါင်းများစွာသော အတွေ့အကြုံအရ ဒေါက်တာကိန်းသည် အူအတက် တည်ရှိရာ အပေါ်ယံတစ်သျှူးကို ခွဲစိတ်လိုက်သည်။ သူသည် ကျွမ်းကျင်စွာဖြတ်တောက်ခွဲစိတ်၍ သူ၏ခွဲစိတ်မှုကို အဆုံးသတ်သည်။ ထိုလုပ်ငန်းစဉ်အတွင်း လူနာထံ၌ အသေးအမွှားအနေခက်မှုကိုသာ ဖြစ်စေသည်။

စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကို ခွဲစိတ်ပြီးနောက် ဆေးရုံအဆောင်၌ထားရှိသည်။ သူသည် လျင်မြန်စွာပြန်ကောင်းလာပြီး နှစ်ရက်အကြာတွင် လုံးဝပျောက်ကင်းသွားသည်။

ဒေါက်တာကိန်းသည် သူ၏ သီအိုရီကို သက်သေပြနိုင်ခဲ့သည်။ ရဲရင့်သော စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၏ဆန္ဒအတွက် ကျေးဇူးတင်ရသည်။ ကိန်းသည် ထုံဆေး၏ အလားအလာကောင်းပုံကို သရုပ်ပြနိုင်ခဲ့သည်။

ဤတွင် ကျွန်ုပ်ပြောပြရမည့် ခွဲစိတ်ကုသမှု၏ ထူးခြားသောအကြောင်းနှစ်ရပ် ရှိပေသည်။ ပထမအကြောင်းကတော့ ထုံဆေးကို အသုံးပြုခြင်းဖြစ်ပြီး ယင်းကို ရှေ့၌ပြောပြီးဖြစ်သည်။ နောက်တစ်ခုကတော့ လူနာဖြစ်သည်။ ဒေါက်တာကိန်း၏ ခွဲစိတ်ကုသမှုအတွက် သတ္တိရှိရှိ ကိုယ်စား

လှယ်ပြုခဲ့သူ လူနာသည် ဒေါက်တာကိန်း ဖြစ်သည်ဆိုသော အချက်ပင်ဖြစ်သည်။

သူ၏ တင်ပြချက်ကို သက်သေပြနိုင်ရန် ဒေါက်တာကိန်းသည် သူ့ကိုယ်သူ ခွဲစိတ်ခဲ့ခြင်း ဖြစ်ပေသည်။

ပညာရှိသော လုပ်ရပ်ပေတည်း။

လူနာက ဆရာဝန်အပေါ် ယုံကြည်စိတ်ချမှုရှိစေရန်အတွက် ဆရာဝန်ကိုယ်တိုင် လူနာ လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသင်ခန်းစာသည် သင်တို့ရင်သွေးများ၏ စွမ်းရည်နှင့် စိတ်ဝင်စားမှုများကို အတိအကျ ဖော်ထုတ်နိုင်ရေးအတွက် သင်တို့ကိုယ်တိုင် ကိုယ့်အကြောင်းကိုယ်သိရန် ဦးစွာလိုအပ်ကြောင်း မီးမောင်းထိုးပြလျက်ရှိပေသည်။

ကျွန်မ တစ်ခုပေးလိုပါသည်။ ယင်းမှာ သင်တို့နှင့် သင်တို့၏ကလေးများအကြား၌ သဘောထားကွဲလွဲမှု များစွာဖြစ်ပေါ်လာခဲ့ပါက ထိုအပေါ်တွင် နှစ်ဦးနှစ်ဖက်အတွေ့အကြုံရှိပြီး ဆင်ခြင်နိုင်ကြစေမည့်အသိတရားတစ်ခုပင် ဖြစ်ပါသည်။ ထို့အတူ သင်လေ့လာသိရှိပိုင်ဆိုင်ထား သော သတင်းအချက်အလက်များသည် သင့်ကလေးအပေါ် သင်ထားရှိသော မြင့်မားသည့် မျှော်လင့်ချက်များအား စိစစ်တွက်ချက်ဆုံးဖြတ်ပေးနိုင်မည့် အမြော်အမြင်တစ်ရပ်လည်း ဖြစ်ပေ သည်။ နောက်ဆုံးတွင်မူ သင်၏ကွဲပြားခြားနားသည့် သဘောတရား သင်ယူမှုပုံစံက သင့်ဘဝကို ဖန်တီးသကဲ့သို့ သင့်ကလေးများကလည်း သင့်နမူနာအတိုင်းလိုက်ကာ သဘာဝကျကျ ဖြစ်လာပေ လိမ့်မည်။

ရှေ့စာမျက်နှာများတွင် The Way They Learn ၌ ကျွန်မ ပထမဦးစွာ မိတ်ဆက်ရေးသား ခဲ့သော သင်ယူမှုပုံစံငါးမျိုးကို အတိုချုပ်ပြန်လည်ရှင်းပြထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထိုလမ်းညွှန်ချက်များကို သင်လိုက်လုပ်မည်ဆိုပါက သင်သည် မိမိ၏ကိုယ်ပိုင်စွမ်းရည်နှင့် စိတ်ဝင်စားမှုများကို မိမိကိုယ်တိုင် ခွဲခြားသိရှိနိုင်ရန်လိုအပ်ပါသည်။ သင်သည် အမျိုးအစားတစ်ခု ချင်းစီအတွက် ကောင်းကောင်းအံဝင်မည် မဟုတ်သကဲ့သို့ တစ်ခုချင်းစီအား သီးခြားမှတ်မိစေ နိုင်မည့်နည်းလမ်းမရှိကြောင်း တွေ့ရှိရပါလိမ့်မည်။ သင်သည် ထိုယေဘုယျသင်ယူမှုပုံစံရာဇဝင် အတိုင်း ဆက်လုပ်မည်ဆိုပါက သင့်ကလေး၏စွမ်းရည်ကို သင်အကဲဖြတ်နိုင်လာပေလိမ့်မည်။

ထိုအကဲဖြတ်မှုသည် အပြင်ပန်း၊ သမားရိုးကျ အကဲဖြတ်မှုမဟုတ်ကြောင်း သင့်စိတ်ထဲ၌ ခံယူမှတ်သားထားပါ။ ယင်းမှာ မြန်မြန်ဆန်ဆန်နှင့် မနာမကျင် ရိုးရိုးသားသား အသုံးပြုသော သင်ယူမှုပုံစံများဖြစ်ပြီး သင့်ကလေးအောင်မြင်ပျော်ရွှင် တိုးတက်ရေးကို အထောက်အကူပြုမည့် အကျိုးသက်ရောက်မှုရှိသောနည်းဗျူဟာများကို ပုံဖော်ခြင်းဖြစ်ပါသည်။

ယေဘုယျ သင်ယူမှုပုံစံများ ရာဇဝင်

(၁) ပတ်ဝန်းကျင်ဆိုင်ရာ စိတ်ဝင်စားမှုများ

(သင် မည်သို့ အာရုံစိုက်မည်နည်း)

သုတေသနပညာရှင်များဖြစ်သော ကဲနက်နှင့်ရီတာဒွန်းတို့သည် ကျွန်မတို့အတွက် ရာပေါင်းများစွာသော လေ့လာတွေ့ရှိချက်များကို လက်ဆင့်ကမ်းပေးခဲ့ပါသည်။ ထိုတွေ့ရှိချက်များသည် သဘာဝသင်ယူမှုပုံစံစွမ်းရည်များကို အသုံးပြုရန်နှင့် မှတ်မိရန်အတွက် မည်သို့အရေးကြီးကြောင်းကိုလည်း ပြသခဲ့ကြသည်။ ထိုအချက်များကို မည်သည့်နေရာ၊ မည်သည့်အချိန်၌ မည်သို့အကျိုးရှိစွာသင်ယူ လေ့လာနိုင်စေရန်ကိုလည်း လမ်းညွှန်ပေးခဲ့ကြပါသည်။

အောက်တွင် ဖော်ပြထားသောအချက်အားလုံးသည် သင့်အတွက် တန်းတူအရေးကြီးမည် မဟုတ်ပေ။ သင်သည် မည်သည့်အမျိုးအစားကို သင် အကောင်းဆုံးအာရုံစိုက်ရန် လိုအပ်မည် ဆိုသည့်အချက်အား ခွဲခြားရွေးထုတ်ခြင်းဖြင့် သင်ယူမှုပုံစံကို သင်ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်။

အချိန်နာရီ

ရာစုနှစ်ပေါင်းများစွာ အမျိုးမျိုးသော သုတေသနပြုမှုများအပြီးတွင် ကျွန်မတို့အားလုံး သိရှိထားသည့်အတိုင်း သိပ္ပံပညာရှင်များစွာတို့က အတည်ပြုခဲ့ကြပါသည်။ ယင်းမှာ ကျွန်မတို့ လူသားအသီးသီးတွင် အချိန်နာရီအလိုက် ကွာခြားမှုရှိကြောင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကျွန်မတို့တွင် 'မည်သည့်အချိန်သည် မိမိအတွက် အကောင်းဆုံးဖြစ်နေတတ်သည်' ဟူသော ထူးခြားမှုတစ်မျိုးရှိတတ်ပါသည်။ နေ့လား၊ ညလား။ မည်သည့်အချိန်တွင် ကျွန်မတို့၌ အင်အားထုတ်လုပ်နိုင်မှု ပို၍ မြင့်မားအားကောင်းပါသလဲ။ သင်သည် နံနက်စောစောနိုးထသော ကြက်ဖကြီးလား၊ သို့မဟုတ် ညအချိန်၌ နိုးကြားသော ဇီးကွက်လား။ သင်၏ပင်ကိုသဘာဝကို သင်စဉ်းစားကြည့်နိုင်ပါသည်။

သင့်စိတ်သည် တစ်သမတ်တည်းသောအချိန်နာရီတွင် လွင့်မျောရွှေ့လျားနေတတ်ပါသလား။ သင်ယူမှုအတွက် အနှောင့်အယှက်ဖြစ်ချိန်၊ သင်ယူရန် အခက်အခဲဆုံးအချိန်ကရော မည်သည့်အချိန်ဖြစ်ပါသလဲ။ သင်ယူမှုအထိရောက်ဆုံးအချိန်ကိုရော သင်သိပါသလား။

ကလေးအသီးသီးတို့သည် သူတို့၏စောစောပိုင်းဘဝတွင် သူတို့၏စိတ်ဝင်စားမှုအချို့ကို ခင်းကျင်းပြသတတ်ကြပါသည်။

တစ်ယောက်သောကလေးက အရုဏ်တက်၌ နိုးထတက်ကြွနေချိန်တွင် အခြားကလေး တစ်ယောက်က အိပ်ရာထဲ၌ လေးဖင့်ငြီးငွေ့နေလေသည်။ တစ်ဦးသည် ညနေခြောက်နာရီတွင်

ကွပ်ပျစ်ပေါ်၌ဝိုက်မျှင်းနေစဉ် တစ်ဦးသည် တံတိုင်းပေါ် ကျော်တက်နေသည်။ ကျွန်မတို့၏ကလေး များကို ကျွန်မတို့ သတိထားမည်ဆိုပါက သူတို့လေးတွေကို ကျွန်မတို့ ကူညီပေးနိုင်ပါလိမ့်မည်။ သူတို့၏ကိုယ်တွင်းနာရီလေးများကို ချိန်ညှိ၍ ကျွန်မတို့ ရွေးချယ်ဖန်တီးပေးနိုင်ပါလိမ့်မည်။

ဥပမာ။ ။ ကျွန်မသည် နံနက်ခင်းချစ်သူဖြစ်သည်။ ညနေပိုင်းတွင် အိမ်စာလုပ်ရသည်မှာ ကျွန်မအတွက် အဆိုးဝါးဆုံးအလုပ်ဖြစ်သည်။ ယခုတိုင် ကျွန်မသည် နံနက်စောစောထကျင့်ရှိပြီး အခက်ခဲဆုံးသောအလုပ်များကို လန်းလန်းဆန်းဆန်းဆောင်ရွက်တတ်ပါသည်။ ကျွန်မ၏ခင်ပွန်း ဖြစ်သူကတော့ တစ်မျိုးဖြစ်ပါသည်။ သူသည် ည ၉ နာရီနှင့် နံနက် ၂ နာရီ ကြားတွင် သူ့အလုပ် များကို တက်ကြွစွာလုပ်လေ့ရှိပြီး ထိုမှ နံနက် ၁၀ နာရီအထိမူ လုံးဝသုံးမရနိုင်ပေ။ ကျွန်မတို့ သည် သဘာဝအတိုင်းဖြစ်နေသော ဤကိစ္စအပေါ် သင်ယူထားကြရပါမည်။

သင်ရော။ မည်သည့်အချိန်နာရီက သင့်အတွက် အကောင်းဆုံးအဖြစ် ညွှန်ပြထားသလဲ ဆိုတာ သိပါရဲ့လား။

အစားအသောက်

ကျွန်မ အရင်ကတည်းက သိထားပါသည်။ ကျွန်မသည် တစ်ခုခု မစားထား မသောက် ထားဘဲနှင့် အလုပ်ကို ကောင်းကောင်းအာရုံစိုက်၍ မလုပ်နိုင်ပါ။ ကြီးလာသည့်အခါ ကျွန်မလက် ထဲမှာ အမြဲတမ်းလိုလို ကော်ဖီတစ်ခွက်ကို ကိုင်ထားတတ်ပါသည်။ နည်းနည်းချင်း ကိုက်ဖို့ စားစရာတစ်ခုခုကိုလည်း ကိုင်ထားတတ်ပါသေးသည်။

ကျွန်မ၏ ကလေး၌လည်း ဤအချက်ကို တွေ့ရပါသည်။ သူအတန်းထဲတွင် စာကိုကောင်း ကောင်းစိတ်ဝင်စားစေရန်နှင့် အိမ်တွင် အိမ်စာကောင်းကောင်းလုပ်နိုင်စေရန် သူ့ဗိုက်ကို ဖြည့်ပေး ထားရတတ်ပါသည်။

သို့သော်လည်း ယင်းအချက်မှာ သင်၏ကလေး၌ ဖြစ်ချင်မှ ဖြစ်ပါမည်။ သင့်အနေဖြင့် တစ်ခုခုကို စိတ်ဝင်စားစွာ သင်ယူနေချိန်၌ အစားအသောက်ကိစ္စကို မေ့လျော့နေကြောင်း အံ့သြဖွယ် တွေ့ရှိနိုင်ပါသေးသည်။

သင်ရော။ သင်၏အာဟာရဖြည့်တင်းမှုအတွက် ကိုယ်ပိုင်လိုအပ်ချက်ကို မည်သို့ သတ်မှတ်ထားပါသလဲ။

အလင်းရောင်

သင် ဤစာအုပ်ကို ဖတ်သည့်အခါ မည်သည့်အလင်းရောင်မျိုးကို အသုံးပြုပါသလဲ။

သင်သည် တောက်ပသော အလင်းရောင်ရှိသည့်အခန်းမျိုးကို နှစ်သက်လျှင်၊ သင့်စာကြည့်ခန်း၌ တောက်ပသောအလင်းရောင်ရှိစေလိုလျှင် သင်၏ကလေး၌လည်း ထိုအတိုင်း အကျင့်ပါသွားစေမည်ဖြစ်သည်။ ယင်းမှာ ကောင်းမွန်သောပင်ကို စရိုက်လက္ခဏာတစ်မျိုးဖြစ်သည်။

အကယ်၍ သင်က အလင်းရောင်ဖျော့ဖျော့ကိုသာ ကြိုက်ခဲ့လျှင် သင်သည် အမှန်စင်စစ်ကြောက်ရွံ့တတ်သူဖြစ်လိမ့်မည်။ သင့်အနေဖြင့် အလင်းရောင်လျှံနေသော အခန်းထဲ၌ လမ်းလျှောက်ရသည့်အခါ ရှက်အမ်းအမ်းဖြစ်နေပေလိမ့်မည်။

လူတစ်ယောက်၌ သက်သောင့်သက်သာရှိစေသော အလင်းရောင်လိုအပ်ချက်ရှိပေသည်။ လူတိုင်းမတူညီနိုင်ပါ။ သို့သော် ယင်းတွင် စံပြုသတ်မှတ်ထားသော အလင်းရောင်လိုအပ်ချက်ဟူ၍တော့ မရှိပါ။

သင်ရော။ သင့်အတွက် သက်သောင့်သက်သာရှိစေမည့် အလင်းရောင်အားက ဘယ်လောက်လဲ၊ သိထားရဲ့လား။

အဆင်အပြင်ပုံစံ

သင့်ကလေး၏အိပ်ခန်းထဲသို့ တမင်တကာ သင်လမ်းလျှောက်ဝင်ပြီး သူ့ကို အကဲခတ်လေ့လာဖူးပါသလား။ သူ အိမ်စာလုပ်ဖို့ စားပွဲစောင်းကိုရော သင်ဝယ်ပေးဖူးပါသလား။ သူ့စာအုပ်များနှင့် စက္ကူများသည် သူ့လိုပင် အိပ်ရာပေါ်နှင့် ကြမ်းပြင်ပေါ်၌ ပစ်စလက်ခတ် ပြန့်ကျဲနေပါသလား။

သင်သည် သင့် ကလေးကို အိမ်ထဲက ကုလားထိုင်ပေါ်တွင် ဒိမ်နှင့်ထိုင်နေစေပြီး ထမင်းစားပွဲတွင်လည်း ငြိမ်ငြိမ်ကလေးထိုင်နေစေရန် ရွေးချယ်ပေးထားပါသလား။ သူ စာကျက်ရန်အတွက် ပြင်ဆင်ပေးမည်ဆိုပါက သင်သည် လူတစ်ဦးချင်းစီ၏ စိတ်ဝင်စားမှုဟူသည့်အချက်အား ထည့်သွင်းစဉ်းစားရပါမည်။

အကယ်၍ သင်က သူ့ကို စားပွဲခုံစောင်းကလေးတွင် ထိုင်၍ စာကျက်ဖို့ ရွေးချယ်ပေးထားပြီးချိန်တွင် အခြားသော ကလေးတစ်ယောက်ကို သူနှင့်ဆန့်ကျင်ဘက် တခြားနေရာ၌ သင်ရွေးချယ်ပေးရပါလိမ့်မည်။ ထိုနေရာထိုင်ခင်း၌ သူတို့ ကိုယ်စီ အဆင်ပြေပါ၏လား။ သူတို့ အလုပ်ကောင်းကောင်းလုပ်နိုင်ကြပါသလား။ မေးခွန်းထုတ်ကြည့်ပါဦး။

သင်ရော။ သင် စာကျက်ရာတွင် တစ်စုံတစ်ရာကို စိတ်ဝင်တစားရှိနေချိန်တွင် သင်မည်သည့်အဆင်အပြင်ပုံစံကို ဦးတည်ရွေးချယ်မည်ဟု သင့်ကိုယ်သင် သိနားလည်ထားပါသလဲ။

အပူအအေးပမာဏ

ယနေ့အချိန်အခါတွင် သဘာဝအပူအအေးထက် လျှပ်စစ်ဖြင့် ထိန်းချုပ်ထားသော အပူအအေးက ပို၍ ခေတ်စားနေပြီဖြစ်သော်လည်း ထိုနှစ်ခု တစ်ထပ်တည်းကျခြင်းတော့ မဖြစ်နိုင်ပါ။

ကျွန်မတို့သည် အမျိုးမျိုးသောရာသီဥတုအပေါ်တွင် လိုအပ်လျှင် လိုအပ်သလို အသားကျခံနိုင်ရည်ရှိတတ်ကြပါသော်လည်း ကျွန်မတို့၌ အကောင်းဆုံးအလုပ်လုပ်နိုင်သော အပူအအေးပမာဏဟူ၍တော့ ရှိတတ်ပါသည်။

ကလေးများအတွက်ကမူ ပူခြင်းအေးခြင်းပမာဏသည် သိပ်အရေးမကြီးလှပါ။ သို့သော် အချို့ကလေးများကတော့ သူတို့သက်သောင့်သက်သာခံစားရခြင်းမရှိသော စာသင်ခန်းမျိုး၌ အာရုံမဝင်စားနိုင်တာမျိုးရှိနိုင်ပါသည်။ ယင်းမှာ သင်ထင်တာထက်ပို၍ အကဲဖြတ်ရခက်သော ကိစ္စဖြစ်ပါသည်။

သင်ရော။ ဘယ်လိုအပူအအေးပမာဏမျိုးတွင် သင် အလုပ်လုပ်ရန် အကောင်းဆုံးဖြစ်သည်ကို သိပါသလား။

(၂) အာရုံခံနိုင်မှုစံနမူနာပြယုဂ်များ

(သင် မည်သို့မှတ်မိမည်နည်း)

အာရုံခံနိုင်မှုဟူသည် အမျိုးမျိုးသောနည်းလမ်းများကို မှတ်မိနိုင်ရန် ရှင်းလင်းရာ၌ အသုံးပြုသောစကားလုံးဖြစ်ပါသည်။ ဝေါလ်တာဘာ့ဘ်၊ ရေမွန်စဝ့်စင်း၏ စံနမူနာအရ သင်မှတ်မိရန် လိုအပ်သော အချက်အလက်များကို အနည်းဆုံးနည်းလမ်း သုံးသွယ်ဖြင့် မှတ်သားထားရမည်ဖြစ်သည်။ ယင်းတို့မှာ အကြားအာရုံ၊ အမြင်အာရုံနှင့် လှုပ်ရှားမှုအာရုံတို့ပင် ဖြစ်သည်။ ထိုနည်းလမ်းသုံးမျိုးစလုံးကို ကျွန်မတို့အသုံးပြုကြရမည်ဖြစ်သော်လည်း မည်သည့်နည်းလမ်းက ကျွန်မတို့အတွက် အထိရောက်ဆုံးအလုပ်လုပ်ပေးနိုင်မည်ဆိုသည်ကိုတော့ ကျွန်မတို့ဘာသာ ဆန်းစစ်ကြည့်ကြရပါမည်။

အကြားအာရုံ

စိတ်ကူးထဲ၌ ရှိသောအတွေးများကို နှုတ်ဖြင့် ထုတ်ဖော်ပြောထားမှ သင်မှတ်မိတတ်သလား။ အချို့သည် စိတ်ကူးထဲ၌ရှိသောအကြောင်းကိစ္စကို နှုတ်ဖြင့်ဖွင့်မပြောမိပါက မေ့သွားတတ်ပါသည်။

မည်သူမျှမရှိသော အခန်းထဲတွင် သင့်ဘာသာ တစ်ယောက်တည်း အသံထွက်အောင်

မကြာခဏ ပြောမိဖူးပါသလား။ သင်တွေးထားသည့်ကိစ္စအား သင့်ကိုထပ်ပြောဖို့လိုတတ်သလား။

အကြားအာရုံထက်သော သူတို့သည် ကိုယ်ပြောထားသောစကားလုံးကို ကိုယ့်နားထဲတွင် ကိုယ်ပြန်ကြားနေတတ်သည်။ သင့်စကားကို သင်မှတ်မိပါသလား။

သင့်ကလေးစာသင်ကြားမှုကို ကူညီနိုင်ရန် သင့်ကလေးကို သင် နားစွင့်ပါ။ သူသည် ကျက်စာလေ့ကျင့်မှုပြုရာတွင် နှုတ်အားဖြင့် ထပ်ကာထပ်ကာ ရွတ်ဆိုတတ်သူဖြစ်ပါသလား။

ထိုသို့ အကြားအာရုံထက်သော ကလေးဖြစ်ပါလျှင် ကလေး စာသင်ယူနေသည့်အချိန်၌ အခြားသောအသံများမကြားရအောင် သင်က ကူညီပေးပါ။ အချို့ကလေးတို့သည် မည်မျှဆူညံနေသည်ဖြစ်စေ သူတို့အသံဖြင့်ဖုံးကာ နားထောင်မှတ်သားနိုင်ကြသော်လည်း အချို့ကလေးများတွင်မူ အခြားအသံများသည် သူတို့အား အနှောင့်အယှက်ဖြစ်သွားစေနိုင်ပါသည်။

သင်ရော။ သင်၏အကြားအာရုံ စိတ်ဝင်စားမှုက ဘယ်လောက်ထက်ပါသလဲ။

အမြင်အာရုံ

တစ်ယောက်ယောက် စကားပြောနေခြင်းကို သင်တွေ့ဖူးပါသလား။ သူတို့ပြောနေသည့် ကမ္ဘာကြီးနှင့်ပတ်သက်သောအကြောင်းကို ရုပ်ပုံနှင့်တကွ သင် မြင်ရကြားရအောင် အပြင်းအထန် ကြိုးစားကြည့်ဖူးပါသလား။ သင်မှတ်မိရန်လိုသော သတင်းအပေါ် မြင်ကွင်းနှင့်တကွ တွေ့ရှိထားဖို့ လိုအပ်ပါသလား။

အမြင်အာရုံစူးရှသူများသည် မိမိမြင်ထားသည့်အရာကိုမှ မှတ်မိတတ်ပေသည်။ အချို့သည် မိမိပြောနေသည့်စကားကို နားထောင်သူတစ်ဖက်သား၏ မျက်နှာထားကို ကြည့်ပြီးမှ ပို၍ အားရတတ်ကြသည်။

သင်သည် စာဖတ်သောအခါ အချို့စာကြောင်းများကို ပို၍မှတ်မိစေရန် ရောင်စုံမင်သားထားတတ်သူဖြစ်ပါသလား။ သင်၏ဖိုင်တွဲ၊ မှတ်စုစာအုပ်များတွင် ရောင်စုံဖြင့် သင်္ကေတမှတ်သားထားမှုများ ရှိပါသလား။

အမြင်အာရုံစူးရှသောကလေးတို့အတွက် အမြင်ဆိုင်ရာအထောက်အကူများပေး၍ ကူညီနိုင်ပါသည်။ သူတို့အား အရောင်တောက်သောကားချပ်ကလေးများ၊ ရုပ်ပုံကလေးများ၊ ပုံစံကားချပ်ကလေးများပေး၍ သင်ယူစေနိုင်ပါသည်။

သင် တွေ့ဖူးပါသလား။ အမြင်အာရုံထက်သော သူတစ်ယောက်သည် သင် လျှာထွက်မတတ်ကြိုးစား ရှင်းပြစေကာမူ ဘာကိုမျှ သိနားလည်းခြင်းမရှိ။ သင်ကိုယ်တိုင် သင်ပြောသည့် အရာကို သရုပ်ဖော်မပြမချင်း သဘောမပေါက်နိုင်သည့် အဖြစ်။

သင်ရော။ အမြင်အာရုံ ဘယ်လိုရှိသလဲ။

လူပ်ရှားမှုအာရုံ

သင့်အား ဂနာမငြိမ်သူဟု အစွပ်စွဲခံရဖူးပါသလား။ သင် အလုပ်တစ်ခုကို ဖျတ်ခနဲ ကျုံ့လုပ်လိုက်ဖူးပါသလား။ သင့်ကိုယ်ခန္ဓာသည် လေးတွဲ့ဖင့်နွဲ့နေတတ်သလား။ မည်သို့ မေးခွန်းဖြစ်စေ၊ သင် ရုတ်ချည်းဖြေဆိုတတ်ပါသလား။ (မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ) သို့ဆိုလျှင် သင်သည် လျှပ်တစ်ပြက်ထိုးထွင်းဉာဏ်ရှိသည့် သူ ဖြစ်လိမ့်မည်။

အချက်အလက်များကို မှတ်မိခြင်းနှင့် သင်ကြားမှုအပေါ် အာရုံဝင်စားခြင်းတို့ကို ရရှိနိုင်ရန် သင့်၌ လူပ်ရှားမှုအာရုံကောင်းကောင်း ရှိရပေမည်။

လူပ်ရှားမှု သွက်လက်သောကလေးတစ်ယောက်အတွက် အချိန်ကြာကြာ အနားမပေးဘဲ ထိုင်နေခိုင်းခြင်းသည် ညှဉ်းပန်းမှုတစ်မျိုးပင် ဖြစ်သည်။

သွက်လက်ဖျတ်လတ်သည့်ကလေးများသည် များသောအားဖြင့် ဉာဏ်ထက်၍ သင်ယူနိုင်စွမ်းပိုတတ်ကြပါသည်။ သူတို့အား အမြဲတမ်းငြိမ်ငြိမ်ကလေးထိုင်နေစေခြင်းဖြင့် သူတို့ပို၍ သင်ယူလာနိုင်ခြင်း မရှိပါ။ ထို့အတူ သူတို့ကို ထပြီးလူပ်ရှားဖို့ ဆွဲဆောင်ခြင်းဖြင့်လည်း သူတို့၏အာရုံကပျက်သွားမည်မဟုတ်ပါ။

သင်ရော။ သင်ရဲ့လူပ်ရှားမှုအာရုံအစွမ်း ဘယ်လောက်ရှိသလဲ။ သိရဲ့လား။

(၃) သိမြင်တတ်သောပုံစံ

(သင် သတင်းအချက်အလက်များကို မည်သို့တုံ့ပြန်မည်နည်း)

Herman Witkin ၏ သင်ယူမှုပုံစံသည် ကျွန်မတို့အား သတင်းအချက်အလက်များကို ဆက်သွယ်ရယူရန်နှင့် အခြားသူများဆီသို့ မည်သည့်ပုံစံဖြင့် ဆက်သွယ်ပေးရမည်ဟူသည့် အခြေခံကျသော ခြားနားချက်ကို နားလည်ရန် ကူညီပေးပါသည်။

ဤတွင် သဘာဝအလျောက် သီးခြားစီကွဲပြားသွားသော သတင်းအတိုအထွာကလေးများကို ပိုမိုခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိသူဟူ၍ တစ်မျိုးတစ်စားရှိသည်။ သူတို့သည် ကြီးမားသည့်ရုပ်ပုံကားချပ်မှ အဆက်အစပ်မရှိသည့်သီးခြားအချက်အလက်များအပေါ် အလွယ်တကူချဉ်းကပ်ကြခြင်းဖြစ်သည်။ သူတို့က တစ်စချင်းဆွဲထုတ်၍ တစ်ခုချင်းစီ သဘောပေါက်အောင် သင်ယူကြသူများ ဖြစ်သည်။

နောက်တစ်မျိုးတစ်စားကတော့ အလုံးစုံခြုံ၍ အရာအားလုံး မလွတ်စတမ်း အမိအရ နားလည်သဘောပေါက်အောင် သင်ယူကြသူများဖြစ်သည်။ ၎င်းတို့သည် ကြီးမားသည့်ရုပ်ပုံကားချပ်ကို အခိုင်အမာသက်သေထူပြီးနောက် အသေးစိတ်အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းဖြစ်သည်။ သူတို့က အကျဉ်းချုပ်ကို ရယူ၍ သဘောပေါက်အောင်လုပ်ပြီးမှ တစ်ခုချင်းစီကို

သင်ယူကြသူများဖြစ်သည်။

ကျွန်မတို့ အသီးသီးတွင် သီးခြားစီ ခွဲခြမ်းစိတ်ဖြာနိုင်မှုရော၊ အလုံးစုံခြုံငုံခွဲခြမ်း စိတ်ဖြာနိုင်မှုရော စွမ်းအင်နှစ်မျိုးစလုံးရှိတတ်ကြပါသော်လည်း တစ်မျိုးမျိုးက အစွမ်းထက်နေသည်ကို တွေ့ရပါလိမ့်မည်။

သီးခြားစီ ခွဲခြမ်းစိတ်ဖြာနိုင်မှုအားကောင်းသော သင်ယူသူသည် သီးခြားစီ ညွှန်ကြားချက် မရှိပါက၊ တစ်ဆင့်ပြီးတစ်ဆင့် မရှင်းလင်းပါက၊ သတင်းအချက်အလက်တို့ ကျိုးကြောင်းဆီလျော်မှု ယုတ္တိယုတ္တာမရှိပါက ဒုက္ခရောက်ကြရလေသည်။

အလုံးစုံခြုံငုံ ခွဲခြမ်းစိတ်ဖြာနိုင်မှုအားကောင်းသူများကတော့ သူတို့၏ သင်ယူမှု၌ အလုံးစုံကြံစည်စိတ်ကူးမှုမပါဘဲ သီးခြားနည်းလမ်းများ၊ တစ်ခုချင်းစီ အသေးစိတ် ရှင်းပြချက်များအပေါ် လွယ်လွယ်ကူကူနှင့် အားမရဖြစ်တတ်ကြပါသည်။

သင်တို့၏ကလေးကို သင်တို့ သတိထားကြည့်မိကြပါသလား။ သူသည် အရုပ်ကလေးများနှင့် စတင်ဆော့ကစားသည့်အရွယ်ကတည်းက တစ်ရုပ်ချင်းစီအပေါ် အာရုံစိုက်တတ်သူလား။ အရုပ်မျိုးစုံဖြင့် (စစ်တိုက်တမ်း၊ အိုးပုတ်ဖြင့် ဟင်းချက်တမ်း) ကစားတတ်သူလား။ သင် သဘောပေါက်ထားရပေမည်။ သင်ယူမှုပုံစံရွေးချယ်ပေးရာတွင် ထိုအချက်ကို ထည့်သွင်းစဉ်းစားပုံဖော်ပေးရန်လိုပါသည်။

သင်ရော။ သင်၏ခွဲခြမ်းစိတ်ဖြာနိုင်မှုသဏ္ဌာန်ကမည်သို့ဖြစ်ပါသလဲ၊ သိပါရဲ့လား။

(၄) မြောက်များသော အသိဉာဏ်များ

(သင်တော်ကြောင်း မည်သို့ ပြမည်နည်း)

သမားရိုးကျ IQ စစ်ဆေးမှုများသည် ယနေ့ အချိန်အခါတွင် အဓိကကျသော စမ်းသပ်မှုမဟုတ်တော့ပါ။ ကျွန်မတို့ မျိုးဆက်ခေတ်အခါကာလတွင်မူ IQစစ်ဆေးမှု၏ရလဒ်များသည် ကျွန်မတို့၏ဉာဏ်ရည်ဉာဏ်သွေး အစစ်အမှန်ဟု ယုံကြည်ထားခဲ့ကြပါသည်။ သို့သော် ယနေ့ မျိုးဆက်သစ်တို့၏ခေတ်တွင် IQ စစ်ဆေးမှုသည် အသိဉာဏ်စမ်းသပ်မှု၏ အစိတ်အပိုင်းသေးသေးလေးတစ်ခုသာ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ Howard Gardner ၏ သုတေသနပြုချက်အရ အသိဉာဏ်အမျိုးမျိုးကွဲပြားလျက်ရှိသည့်အနက် အနည်းဆုံး (၇)မျိုးက အဓိကကျကြောင်း သိရှိရပါသည်။ ၎င်းတို့ကို IQ စစ်ဆေးမှုဖြင့် စမ်းသပ်၍ မရနိုင်ပါပေ။ ထိုမြောက်များစွာသော အသိဉာဏ်များသည် သင်ယူမှုပုံစံများနှင့် သီးသန့်ယှက်နွယ်နေခြင်း မရှိသော်လည်း အရေးကြီးသော ပန်းချီကားချပ်၏ အပိုင်းများဖြစ်ပါသည်။ ကျွန်မတို့ လေ့လာကြည့်ကြရအောင်။

ဘာသာဗေဒ

ဘာသာဗေဒဉာဏ်ရည် တိုင်းတာရာတွင် နှုတ်မှုစွမ်းရည်၊ ဖတ်ခြင်း၊ ရေးခြင်း၊ ပြောခြင်း၊ ဆွေးနွေးခြင်းစွမ်းရည်တို့ကို စကားလုံးကစားနည်းများ၊ ဝေါဟာရနှင့် ဝါကျတို့၏ ရင်းမြစ်အဓိပ္ပာယ် လေ့လာနိုင်မှုများဖြင့် စမ်းသပ်စစ်ဆေးကြည့်နိုင်ပါသည်။

သင်ရော။ သင်၏ဘာသာဗေဒဉာဏ်ရည် မည်သို့ရှိသည်ဟု ထင်ပါသလဲ။

သချာနှင့်ဆိုင်သောတွေးခေါ်မှု

သချာနှင့်ဆိုင်သော တွေးခေါ်မှုဉာဏ်ရည်ကို တိုင်းတာရာတွင် ဂဏန်းများ၊ ပုံစံကွက် ဇယားများနှင့်ကျိုးကြောင်းဆီလျော်သောအကြောင်းပြချက် (သက်သေပြချက်) စသည်တို့ကို စမ်းသပ်စစ်ဆေးကြည့်နိုင်ပါသည်။ သိပ္ပံပညာရှင်များ၊သချာ ပညာရှင်များ၊ အတွေးအခေါ်ပညာရှင် များကို ဤဉာဏ်ရည်နယ်ပယ်တွင် များပြားစွာတွေ့ရှိနိုင်ပါသည်။

သင်ရော၊ သင်၏သချာနှင့်ဆိုင်သော တွေးခေါ်မှုမည်မျှမြင့်သလဲ၊ သိပါရဲ့လား။

အကွာအဝေးတွက်ချက်နိုင်မှု

အကွာအဝေးတွက်ချက်နိုင်မှု ဉာဏ်ရည်ကိုတိုင်းတာရာတွင် အရာဝတ္ထုများ၏ အဆင့် အတန်းနှင့် အကွာအဝေးများကို ဆုံးဖြတ်နိုင်သောအလေ့အကျင့်အား စမ်းသပ်စစ်ဆေးကြည့်နိုင်ပါ သည်။ သင်၏စိတ်ထဲတွင်ရှိသော အရာတစ်ခု၊ နေရာတစ်ခု၊ ပုံရိပ်တစ်ခုကိုပြန်လည်ပုံဖော်ခြင်း၊ စိတ်ပန်းချီကားကို ကွက်ကွက်ကွင်းကွင်း အထင်းသား တွေးတောပုံဖော်နိုင်ခြင်းတို့ဖြင့် စမ်းသပ် စစ်ဆေးနိုင်ပါသည်။

ယင်းတွင် ရေပန်းစားသောနည်းတစ်မျိုးမှာ ပုန်းကွယ်နေသော ရုပ်ပုံကလေးများကို ပန်းချီ ကားချပ်တစ်ခုမှ ဆွဲထုတ်ရှာဖွေစေသော ကစားနည်းဖြစ်သည်။

သင်ရော၊ သင်၏စိတ်ကူးပုံဖော်နိုင်မှုစွမ်းရည်ကို စမ်းသပ်စစ်ဆေးကြည့်ဖူးပါသလား။

ဂီတစွမ်းရည်

ဂီတနှင့်ဆိုင်သော ဉာဏ်ရည်ကို သံစဉ်နှင့်တေးသွားအပေါ် အရသာခံစားနိုင်မှု၊ သီချင်းသံ နှင့် စာသားတို့အား သံစုံတီးဝိုင်းဖြင့်ကိုက်ညီအောင် သီဆိုနိုင်မှု စသည့်စွမ်းရည်အား စမ်းသပ်

စစ်ဆေးကြည့်နိုင်ပါသည်။ သင် အဆိုတော်ဖြစ်ချင်ပါက ဂီတစွမ်းရည်မရှိဘဲ မဖြစ်နိုင်ပါ။

အနုပညာဂီတဖြင့် အသက်မွေးဝမ်းကျောင်းလိုပါက ဂီတနှင့်ဆိုင်သော ဉာဏ်ရည်ရှိရန်လိုပါသည်။

သင်ရော၊ ဂီတပါရမီ မည်မျှမြင့်ပါသလဲ။

ကိုယ်ခန္ဓာလှုပ်ရှားမှု

ကိုယ်ခန္ဓာလှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်ရှိသူသည် သူ၏ကိုယ်ခန္ဓာအား ကျွမ်းကျင်လိမ္မာစွာ အသုံးချတတ်ပေသည်။ ထိုဉာဏ်ရည်သည် ခွဲစိတ်ကုဆရာဝန်များ၊ အမျိုးသမီးသရုပ်ဆောင်များ၊ အနုပညာရှင်များ၊ အားကစားသမားများ စသည်တို့အတွက် အထူးအရေးကြီးသော စွမ်းရည်ဖြစ်ပါသည်။

သို့သော်လည်း ထိုဉာဏ်ရည်ရှိသော ကလေးများသည် ကျောင်းမြဲရန်အတွက် အခက်အခဲရှိနိုင်ပေသည်။ ထိုဉာဏ်ရည်ကို သူတို့၏ ဘဝခရီးလမ်းကြောင်း၌ အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သော်လည်း ကျောင်းနေရယ်၌ ထိန်းသိမ်းကွပ်ကဲပေးထားရမည်ဖြစ်သည်။

သင်ရော၊ ခန္ဓာကိုယ်လှုပ်ရှားမှုစွမ်းရည် ဘယ်လောက်ထက်မြက်ပါသလဲ။

လူလူချင်းဆက်ဆံမှုဆိုင်ရာ

လူလူချင်းဆက်ဆံမှုဆိုင်ရာ ဉာဏ်ရည်ပါရမီအား လူအမျိုးမျိုးနှင့်အတူတကွ ယှဉ်တွဲနေထိုင်နိုင်ပြီး အလိုလိုသိတတ်နားလည်နိုင်သောစွမ်းရည်ဖြင့် တိုင်းတာစစ်ဆေးကြည့်နိုင်ပါသည်။ ဤသည်ကို ဆဋ္ဌမအာရုံဟု ခေါ်ပါသည်။

ယင်းဉာဏ်ရည်မှာ သင်းအုပ်ဆရာတော်ကြီးများ၊ ကျောင်းဆရာ၊ ဆရာမများ၊ သံရုံးအရာရှိများအတွက် လိုအပ်သော စွမ်းရည်မျိုးဖြစ်ပြီး အခြားသူတို့ ခက်ခဲဒုက္ခရောက်သောအချိန်များ၌ ကူညီပေးနိုင်စွမ်းရှိပါသည်။ ဤဉာဏ်ရည်ထက်မြက်သူများသည် သူငယ်ချင်းများ၊ မိတ်ဆွေများအပေါ် ဆွဲဆောင်နိုင်မှု ရှိသူများ ဖြစ်တတ်ကြပါသည်။

သင်ရော၊ ဤဉာဏ်ရည် ဉာဏ်သွေး သင့်ကိုယ် သင် ဘယ်လောက်ရှိသည်ဟု ထင်ပါသလဲ။

ကိုယ်တွင်းပင်ကိုဉာဏ်ရည်

ကိုယ်တွင်းပင်ကိုဉာဏ်ရည်သည် လူသူဝေးရာ၌ တစ်ကိုယ်တည်း အထီးကျန်နေချိန်တွင် အကောင်းဆုံး ပေါ်လွင်လာတတ်ပေသည်။ ဤဉာဏ်ရည်မှာ ကျွန်မတို့ကိုယ်ကို ကျွန်မတို့ နားလည်သဘောပေါက်နိုင်စေခြင်းငှာ သဘာဝကပေးသော လက်ဆောင်တစ်ခုဖြစ်ပါသည်။ ကျွန်မတို့ မည်သူများဖြစ်သနည်း၊ ကျွန်မတို့ လုပ်နေသောအလုပ်ကို ဘာကြောင့်လုပ်နေသနည်း ဟူသည့်အချက်များကို မိမိကိုယ်တိုင် သိရှိနိုင်သောဉာဏ်ရည်မျိုးဖြစ်ပါသည်။ ဤဉာဏ်ရည်မှာ အခြားဉာဏ်ရည် အမျိုးအစားများထက် ပို၍သိမ်မွေ့နက်ရှိုင်းပါသည်။ အမှတ်မထင်ကြည့်ရုံဖြင့် သတိ မမူမိနိုင်ပါပေ။

သင်ရော၊ သင့်ကိုယ်သင် ကောင်းကောင်းသိရဲ့လား။

(၅) စိတ်ပုံသဏ္ဌာန်များ

(သင်သိသမျှနှင့် မည်သို့ ချိတ်ဆက်မည်နည်း)

စိတ်ဝင်စားစရာအကောင်းဆုံးနှင့် သင်ယူမှုနမူနာပုံစံများအတွက် အကျိုးအသက်ရောက်ဆုံး သုတေသနပြုချက်များကို Anthony F. Gregare မှ ရှာဖွေဖော်ထုတ်တင်ပြခဲ့ပေသည်။

သူ၏ စိတ်ပုံသဏ္ဌာန်များ စံနမူနာတွင် သူက ကျွန်မတို့၏ စိတ်သန္ဌာန်များ မည်သို့ ရောနှောပေါင်းစပ်ထားသည်ကို ပုံဖော်ရှင်းလင်းပြထားပေသည်။ ကျွန်မတို့ နည်းလမ်းနှစ်သွယ် အားဖြင့် လေ့လာသိရှိနိုင်သည်။

Concrete **လက်ဆုပ်လက်ကိုင်ပြနိုင်မှုတွင်** ကျွန်မတို့ အာရုံငါးပါးကို အသုံးချရပါမည်။ Abstract **စိတ်ကူးယဉ်သက်သက်တွင်** အလိုလိုသိသည့်အာရုံ (ဆဋ္ဌမအာရုံ) နှင့် စိတ်ကူးအတွေးကို အသုံးချရပါမည်။

ကျွန်မတို့သည် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် ပေါင်းစပ်ခြင်းအတွက်လည်း နည်းလမ်းနှစ်သွယ်ဖြင့် လေ့လာသိရှိနိုင်ပါသေးသည်။

Sequential **စီစဉ်တကျ** (တစ်ဆင့်ပြီးတစ်ဆင့်၊ အတန်းလိုက်) နှင့် Random **ကြိုရာကျပန်း** (အလိုက်အထိုက်၊ သီးသန့်အစီအစဉ်မရှိ) ဟူသည့် နည်းလမ်းများ ဖြစ်သည်။

ထိုလေ့လာ သိရှိချက်နည်းလမ်းများအရ ကျွန်မတို့၌ သင်ယူမှုပုံစံလေးမျိုးကို ပေါင်းစပ်ရရှိခဲ့ပေသည်။

လက်ဆုပ်လက်ကိုင်ပြနိုင်သော စီစဉ်တကျဖြစ်မှု

Concrete Sequential C.S

လက်တွေ့စီစဉ်

အကယ်၍ သင်သည် လက်ဆုပ်လက်ကိုင်ပြနိုင်သော စီစဉ်တကျဖြစ်မှု စိတ်ပုံသဏ္ဌာန်ရှိပါက သင်သည် လက်တွေ့ကျသော အမြင်ကြည်တင်ခန့်မှန်းနိုင်သော သဘောထားရပ်တည်ချက်တို့ ရှိမည်ဖြစ်ပေသည်။

သင်သည် ရှေ့သို့ ဖြောင့်ဖြောင့်သွားနိုင်မည်ဖြစ်ပြီး အောက်သို့တည့်တည့် ဆင်းသက်နိုင်ပေမည်။ သင်သည် တည်ငြိမ်သော၊ ယုံကြည်အားထားရသော သင့်ပတ်ဝန်းကျင်မှ အများသူငါတို့၏ မှီခိုရာဖြစ်လာပေမည်။

စိတ်ကူးတွေးတောစီစဉ်တကျဖြစ်မှု

Abstract Sequential A.S

စိတ်ကူးစီစဉ်

အကယ်၍ သင်သည် စိတ်ကူးတွေးတော စီစဉ်တကျဖြစ်မှု စိတ်ပုံသဏ္ဌာန်ရှိပါက သင့်အတွက် ကျိုးကြောင်းခိုင်လုံသော၊ စည်းစနစ်ကျသော၊ ခွဲခြမ်းစိပ်ဖြာနိုင်သော အကောင်းဆုံးလက္ခဏာရပ်များကို ပုံဖော်နိုင်စွမ်းရှိ မည်ဖြစ်ပေသည်။

သင်သည် ဆုံးဖြတ်ချက်များချသည့်အခါ အချိန်ယူစိတ်ကူးပြီး သင်၏ အဖိုးတန်အရည်အချင်းကို ကျွမ်းကျင်စွာထုတ်ဖော်နိုင်သူဖြစ်လာပေလိမ့်မည်။

စိတ်ကူးတွေးတောလိုက်လျောညီထွေ

Abstract Random A.R

စိတ်ကူးအလိုက်သင့်

သင်၏ စိတ်ပုံသဏ္ဌာန်မှာ စိတ်ကူးဖြင့် အစီအစဉ်တကျမဟုတ်ဘဲ လိုက်လျောညီထွေ ဆုံးဖြတ်တတ်သည့် လက္ခဏာသွင်ပြင်မျိုးဖြစ်ပါက သင်သည် အထူးသဖြင့် လူအများ အတွက် နှစ်လိုဖွယ်ဖြစ်သော၊ စာနာထောက်ထားတတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာပေ လိမ့်မည်။

သင်၏ ပင်ကိုစေ့ဆော်မှုကို ထပ်ဟပ်စေသည့်လိုက်လျောညီထွေ သဘာဝသည် အခြားသူများကို ဆွဲဆောင်နိုင်သည့်စွမ်းရည်ကို ရရှိပေလိမ့် မည်။ သင်သည် လူတို့၏ ဆန္ဒလိုအပ်ချက်အတွင်းစိတ်ကို အလိုလိုသိနေတတ်သူဖြစ်ခြင်းကြောင့်ပင်တည်း။

လက်ဆုပ်လက်ကိုင်ပြနိုင်သောလိုက်လျောညီထွေ

Concrete Random C.R

လက်တွေ့အလိုက်သင့်

ဤစိတ်ပုံသဏ္ဌာန်၏ သဘာဝသည် သင့်အား အမြဲတမ်းသိချင် စူးစမ်းချင်စိတ်ပြင်းပြ သော၊ စွန့်စားရှာဖွေလေ့လာလိုသော၊ ထင်ကြေးများကို အလျင်အမြန်လှုပ်ရှားအကောင် အထည်ဖော်လိုသော သဘာဝကို ဖြစ်ပေါ်စေလိမ့်မည်။ ယင်းသည် သင့်အား ပြောင်းလဲမှု များ၊ ရှင်သန်ကြီးထွားမှုများနှင့် ဖိအားပေးမှုများဖြင့် မောင်းနှင်သွားလိမ့်မည်။

ရောနှောပေါင်းစပ်ခြင်းလေးမျိုး

လက်တွေ့စီစဉ် C.S	**စိတ်ကူးစီစဉ် A.S**
ကြိုးစားပမ်းစားအလုပ်	ပိုင်းခြားစိပ်ဖြာသရုပ်ခွဲ
အစဉ်အလာကိုလိုက်	အရှိအရှိအတိုင်း
မှန်ကန်တိကျ	နှံ့နှံ့စပ်စပ်
တည်ငြိမ်	စေ့စပ်သေချာ
အားထားယုံကြည်ရလောက်	စနစ်တကျဖွဲ့စည်း
တစ်သမတ်တည်း	ကျိုးကြောင်းခိုင်လုံ
အဖြစ်မှန်	စဉ်းစားချင့်ချိန်
စနစ်ဇယားရှိ	စည်းကမ်းတကျ

စိတ်ကူးအလိုက်သင့် A.R	**လက်တွေ့အလိုက်သင့် C.R**
ထင်ဟပ်တုံ့ပြန်လွယ်	အလျင်အမြန်
မေတ္တာကရုဏာကြီးမား	အလိုလိုသိတတ်
အကင်းပါး	စူးစမ်းချင်စိတ်ပြင်း
စိတ်ကူးဉာဏ်ရှိရှိ	လက်တွေ့သဘာဝကျကျ
အတွေးအမြင်ရှိ	ထိုးထွင်းတီထွင်တတ်
သံယောဇဉ်တွယ်	ဆန်းသစ်ပြောင်းလဲ
အလိုအလျောက်ဖြစ်	အလိုအလျောက်တုံ့ပြန်
လိုက်လျောညီထွေ	စွန့်စားရှာဖွေလေ့လာ

ထို့ကြောင့် သင်က ဘာလဲ။

ဤအကြောင်း ဤစာအုပ်၏ရှေ့ဆုံးတွင် ကျွန်မ အစဖော်ပေးခဲ့ပြီးဖြစ်ပါသည်။

ဤအခန်းကဏ္ဍသည် သင့်ကိုယ်သင် သိရန်နှင့် သင့်ကလေးအတွက် အကောင်းဆုံး သင်ယူမှုပုံစံကို ရွေးချယ်ပေးရန်အတွက် ကြီးမားသောအဆင့်တစ်ရပ်ဖြစ်ပြီး သင်ကိုယ်တိုင် သင်၏ စွမ်းရည်ကို ခွဲခြားရွေးထုတ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။

ဆောင်ရွက်ရန်အကြံပြုချက်

သင်ယူခြင်းဖြင့် ကိုယ်တိုင် ကိုယ့်ပုံစံကို ဖန်တီးချိန်တွင် သင်သည် မည်သည့်အမျိုးအစား တစ်ခုအတွင်းကိုမှ တစ်ထပ်တည်းတိတိကျကျ အံဝင်လိမ့်မည်မဟုတ်ပါ။

ကျွန်မတို့ အသီးသီးတွင် ကျွန်မတို့ကို ထုဆစ်တည်ဆောက်ထားသော မျှားပြားလှစွာ သည့် အပိုင်းအစကဏ္ဍများ ရှိနေကြပါသည်။

အောက်တွင် နမူနာဖော်ပြပေးထားသော ဉာဏ်စမ်းပဟေဠိအကွက်ဆက် အပိုင်းအစ ကလေးများက ကျွန်မတို့ မည်မျှရှုပ်ထွေးများပြားလှကြောင်း သင်တွေ့နိုင်ပေမည်။ ကျွန်မတို့၏ သင်ယူမှုပုံစံစွမ်းရည်များသည် ဉာဏ်စမ်းအကွက်ကလေးများရှိ အရေးကြီးသော ကန့်သတ်ချက် စည်းမျဉ်း၊ ဘောင်များဖြစ်လာပေမည်။

သင် ဆောင်ရွက်ကြည့်ရန် အကြံပြုလိုသည်မှာ သင်ကိုယ်တိုင် သင်၏ ကိုယ်ပိုင်ဉာဏ်စမ်း ပဟေဠိကွက်တစ်ခုလောက် ခပ်မြန်မြန် ရေးဆွဲကြည့်လိုက်ပါ။

(၁) ခွဲခြမ်းစိတ်ဖြာ
(၂) လူများဟန်ကျ
(၃) ရုပ်ပုံဟန်ကျ
(၄) နံနက်ခင်း
(၅) လှုပ်ရှားမှု
(၆) အမြင်အာရုံ
(၇) လှုပ်ရှားမှု
(၈) အလုံးစုံခြုံ

(၉) အသွင်
(၁၀) ချမ်းအေးမှု
(၁၁) အကြားအာရုံ
(၁၂) C. R
(၁၃) A. R
(၁၄) A. S
(၁၅) C. S
(၁၆) မွေးဖွားချိန်
(၁၇) ဆွေမျိုး
(၁၈) ဦးနှောက်လွှမ်းမိုးမှု
(၁၉) အပူချိန်
(၂၀) ယဉ်ကျေးမှု
(၂၁) မျိုးရိုးဗီဇ
(၂၂) ပင်ကိုစရိုက်

O

Moving Them from Excuses to Accountability

အခန်း (၃)
အခွင့်ဖန်တီးလှုပ်ရှားစေခြင်း

သူတို့ဆင်ခြေအတွက်
သူတို့ကိုယ်တိုင်
တာဝန်ယူလှုပ်ရှားပါစေ

'ကျွန်တော်က ကြံ့ရာကျပန်းပဲ၊ ကျွန်တော် သချၢိုအလုပ် မလုပ်ဘူး'

'ကျွန်တော်က ဘယ်နေရာမဆိုဖြစ်တယ်၊ ကျွန်တော့်အတွက် အခန်းသန့်သန့် ရှိဖို့မလိုဘူး'

'ကျွန်တော်က လှုပ်လှုပ်ရှားရှား သင်ချင်တာ၊ ကျွန်တော် ငြိမ်ငြိမ်ထိုင်မနေနိုင်ဘူး'

'ကျွန်တော်က အစီအစဉ်ကျမှ...၊ ကျွန်တော် ရေလိုက်ငါးလိုက်မနေတတ်ဘူး'

သင့်အနေဖြင့် သင့်သားသမီးများထံမှ ဘဝတစ်လျှောက်လုံး ဆင်ခြေဆင် လက်များကို အမြဲတမ်းကြားနေရမည်သာဖြစ်သည်။ သင့်ကလေးအား သင်ယူမှုပုံစံ ရှာတွေ့ရန်ကြိုးပမ်းနေချိန်တွင် ဆင်ခြေအသစ်များကို သင်ထပ်၍ ကြားနေရပေဦးမည်။ အားမလျှော့ပါနှင့်။

မိဘနှစ်ဦးအနေဖြင့် သင်၏ချဉ်းကပ်မှုတွင် သင်ယူမှုပုံစံကို ဖြည့်စွက်ပါ။ ထိုနေရာကို ဆရာများက မယူဆောင်နိုင်ပါ။

ကလေး၏ သင်ယူမှုပုံစံစွမ်းအားကို ထည့်သွင်းစဉ်းစားသည့်နေရာတွင် သင့်အနေဖြင့် ပညာပါရမီထူးချွန်မှုကို စွန့်ပစ်ရန်မလိုပါ။ အပြုအမူအဆင့်ကိုလည်း နှိမ့်ချရန်မလိုပါ။ အဓိက အချက်က ဘာလဲဟူသည်ကိုသာ သင် အလေးထားရန် လိုပါသည်။

သတိပြုရမည်မှာ သင်၏ကိုယ်ပိုင် သင်ယူမှုပုံစံသည် အခြားသူများ၏ သင်ယူမှုပုံစံအား လွှမ်းမိုးနေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သင့်ပုံစံသည် သင့်သားသမီးများအပေါ် လွှမ်းမိုးနေနိုင်ကြောင်း ဖြစ်သည်။ ဥပမာ သင်သည် စီစဉ်တကျရှိမှု စိတ်ပုံသဏ္ဌာန်ရှိသူဖြစ်ပြီး သင့်ကလေးက ကြံ့ရာကျပန်းဖြစ်သလို ကြံ့သလိုလုပ်တတ် သူဖြစ်နေပါလျှင် သင်သည် သူ၏အသင်းအဖွဲ့လိုက်မနေတတ်မှုအပေါ် အပြစ်တင်နေကာ သူ့အားပြုပြင်မောင်းနှင်နေပေတော့မည်။ ကလေးကလည်း သင့်အား အမြဲဆင်ခြေပေးနေတော့မည်ဖြစ်သည်။

ထိုကွာခြားချက်နှစ်ခုကို ကလေးနားလည်အောင် သင်မည်သို့ပြောပြမည်နည်း။ ကျွန်မ သင့်အား အကြံအနည်းငယ်ပြုလိုပါသည်။ သင်သည် တစ်ဦးချင်း၏ သင်ယူမှုစွမ်းအားကို အလေးထားသည့်နည်းဖြင့် သင့်ကလေးကို ကိုင်တွယ်နိုင်ပါသည်။

သင့်ကလေးကို အသိအမှတ်ပြုပါ

၁။ ပြီးမြောက်အောင်မြင်ရန် (သို့မဟုတ်) သင်ကြားရန် မည်သည့်အချက်များ လိုအပ်သည်ကို အဓိပ္ပာယ်ဖွင့်ဆိုပါ။

ဖြစ်နိုင်သောနည်းလမ်းများဖြင့် ကလေး၏ သင်ယူမှုပုံစံနှင့် အလုပ်ဖြစ်ရန် ကြိုးစားကြည့်ပါ။ သူသည် တကယ့်ကျွမ်းကျင်သူ ဖြစ်လာပါလိမ့်မည်။

ကျွန်မသည် နှစ်အနည်းငယ်ခန့်က ရယ်စရာပြောတတ်သူ တစ်ယောက်၏ ဟာသတစ်ပုဒ်ကို နားထောင်ခဲ့ဖူးပါသည်။ သူက သူ့သမီး အိမ်စာလုပ်ရာ၌ ကူညီရသည့်အကြောင်းနှင့် ပတ်သက်ပြီး ပြောခြင်းဖြစ်ပါသည်။

'ကျုပ် နောက်ဆုံးတော့ သဘောပေါက်သွားခဲ့ပါတယ်ဗျာ၊ ကျုပ်လေးတန်းတုန်းက ဘာကြောင့်များ အမြောက်အစားအပိုင်းကိန်းတွေ သင်ခဲ့ရသလဲဆိုတာလေ၊ လက်စသတ်တော့ ကျုပ်သမီး လေးတန်းရောက်တာနဲ့ သူ့အိမ်စာတွေကို ကူလုပ်ပေးဖို့ပါလား' ဟူ၍ ဖြစ်သည်။

အိမ်များ၌ အကြီးမားဆုံးသော တိုက်ပွဲအချို့သည် အိမ်စာအလွန်လုပ်ရခြင်းကြောင့် ဖြစ်လာရတတ်ပါသည်။ အလွန်ဉာဏ်ထက်ပြီး ပူးပေါင်းဆောင်ရွက်မှု အားအကောင်းဆုံးကလေးများသည်ပင် ညတိုင်းညတိုင်း ထုံးစံဖြစ်နေသည့်စည်းကမ်းများအပေါ် အတော်ကြိုးစားပမ်းစား လိုက်နာကြရပေသည်။ အချို့သော အကောင်းဆုံးဆင်ခြေများသည် ကလေးများ အိမ်စာလုပ်ရာမှ ရပ်တန့်ခွင့်ရဖို့ကြိုးစားရာမှ ထွက်ပေါ်လာတတ်သည်ကို တွေ့ရပါသည်။

ဆရာမတစ်ယောက်အနေဖြင့် အရေးပါသော မေးခွန်းတစ်ခုကို ကိုယ့်ဘာသာ မေးမိပါတော့သည်။ ကျွန်မတို့အိမ်စာလေ့ကျင့်ခန်းများ ဘာကြောင့် ပေးမိပါလိမ့်။

ဆရာဆရာမများနှင့် ကျောင်းသားမိဘများသည် ကလေးအတွက် ပိုမိုအကျိုးသက်ရောက်လမ်းညွှန်ချက်များပေး၍ ကူညီသင့်ပါသည်။ သူလုပ်ရမည့်အလုပ်တစ်ခု၏ ကြည်လင်ပြတ်သားသော အဓိကအချက်ကို ရှာဖွေကြရပါမည်။

အလီတိုင်ဇယား၊ အရှည်စားခြင်း၊ ဝါကျဖွဲ့ခြင်းနှင့် အခြားပညာရေးဆိုင်ရာ အခြေခံနည်းများကို ကလေးများ ကျွမ်းကျင်လာစေရေးအတွက် အသားကျအောင် ဖန်တီးပေးရပါမည်။

သင် ဘာကြောင့် အမြောက်အလီတိုင်ဇယားကို မှတ်မိနေပါသနည်း။ သင်သည် အမြောက်အလီ အယူအဆကို နားလည်ရန်လိုပေသည်။ ဘာကြောင့်ရသည်ဟူသည့်အချက်ကို သင် သဘောပေါက်ရပါမည်။

သို့သော် လူတိုင်း အလားတူချဉ်းကပ်မှုမှ အကျိုးရနိုင်ချင်မှ ရနိုင်ပေလိမ့်မည်။

အကယ်၍ သင့်ခေါင်းထဲတွင် သချာ်ဆိုင်ရာအယူအဆများ နားလည်နေရန်အတွက် သီအိုရမ်များ၏အဓိပ္ပာယ်ကို ဖွင့်ဆိုပါ။

သင်သည် သင့်ကလေးများကို အယူအဆ သီအိုရမ်များ သင်ကြားပေးနိုင်ရန် သင့်၌ အပြန်အလှန်တစ်လှည့်စီ ဆွေးနွေးသည့်နည်းလမ်းမျိုးရှိထားသင့်ပါသည်။ ယင်းမှာ ကလေး၏ သင်ယူမှုပုံစံကို ပို၍ အံဝင်ခွင်ကျ ဖြစ်စေနိုင်ပါသည်။

The Way They Learn တွင် ကျွန်မသည် စာဖတ်သူများအား ဉာဏ်ထက်သော ကျောင်းသူမငယ်ကလေး ဆာရာနှင့် မိတ်ဆက်ပေးခဲ့ပါသည်။ သူမသည် အိမ်စာလုပ်ရန် ငြင်းဆိုခဲ့သဖြင့် သချာ်ဘာသာတွင် ကျရှုံးခဲ့သူဖြစ်သည်။

ဆာရာသည် အလုပ်လုပ်ရမည်ကို ငြီးငွေ့သူဖြစ်သည်။ သူမသည် အယူအဆသီအိုရမ် တစ်ခုကို နားလည်သွားပြီးနောက် ၎င်းနှင့်ပတ်သက်သောပုစ္ဆာသုံးပုဒ်ခန့် လုပ်ပြီးသောအခါ နောက်ထပ်အပုဒ် ၂၀ လုပ်ရမည်ကို အလွန်မုန်းပေသည်။

ဆာရာ၏ အိမ်စာလေ့ကျင့်ခန်း စုပေါင်းရမှတ်သည် ဂရိတ်သုံးဖြစ်ပြီး ယင်းမှာ သူရထိုက်သောအမှတ်မဟုတ်ဟု ဆာရာက ဆုံးဖြတ်ခဲ့သည်။

ဂံအားလျော်စွာ ဆာရာ၏အရေးအတွက် သူ့ဆရာက အားတက်သရော ပူးပေါင်းကာ ပွင့်ပွင့်လင်းလင်းဆွေးနွေးလေသည်။ ဆာရာနှင့်ဆရာတို့ အပေးအယူလုပ်ကြသည်။ ဆာရာက ညစဉ်ညတိုင်း သူ၏သချာ်အိမ်စာအနည်းဆုံး တစ်ဝက်လုပ်ပါမည်ဟု သဘောတူခဲ့သည်။ အကယ်၍ သူမ သချာ်စာမေးပွဲတွင် ၉၂ မှတ်နှင့်အထက်ရခဲ့ပါက သူ့ဆရာက သင်ခန်းစာအားလုံး အတွက် ဂုဏ်ထူးပေးမည်။ အကယ်၍ သူမ ၉၂ မှတ်ထက်လျော့ခဲ့ပါက လိုအပ်သလို ဆရာပေးသော လေ့ကျင့်ခန်းများကို အပြည့်အဝလုပ်ရန် ဆာရာက သဘောတူရမည်။

အပေးအယူ၏အဆုံးသတ်ကို ဆာရာရောက်ခဲ့သည်။ အချို့ညများတွင် ဆာရာသည် အိမ်စာ၏ တစ်ဝက်ထက်ပို၍ လုပ်သည်။ အဘယ်ကြောင့်ဆိုသော် စာမေးပွဲတွင် ကောင်းစွာ ဖြေဆိုနိုင်ရန်အတွက် လေ့ကျင့်ခန်းများကို လုပ်မှဖြစ်မည်ဟု ယခု ဆာရာ သိသွားပြီးဖြစ်သွားသည်။ သူသည် မည်သည့်အခါမှ ၉၂ မှတ် ထက်အောက်ကို မကျတော့ဘဲ တစ်နှစ်လုံး ထိန်းထားနိုင်ခဲ့သည်။

ဆာရာ၏ဆရာသည် ကျောင်းဆရာ၊ ဆရာမလောကကို တော်တော်ပင် ဂယက်ရိုက်သွားစေခဲ့သည်။ မေးခွန်းများ ခက်ခက်ခဲခဲနှင့် လျင်လျင်မြန်မြန်ထွက်လာခဲ့သည်။ ကလေးများအားလုံး ထိုချဉ်းကပ်နည်းကို အသုံးပြု၍ ရနိုင်မည်လားဟူ၏။ သင်ခန်းစာများကို မည်သို့သောနည်းဖြင့် မျက်ခြည်မပြတ်အောင် ဆောင်ရွက်မည့်နည်း။ ကလေးတိုင်းအား တူညီသောသဘောထားဖြင့် ပြုမူဆက်ဆံ၍ ဖြစ်နိုင်ပါမည်လား။

သင် မြင်နိုင်ပါလိမ့်မည်။ ဆာရာ၏ ဆရာသည် သူ့ကိုယ်သူ အရေးကြီးသော မေးခွန်းကို ထုတ်ခဲ့ပါသည်။ အိမ်စာများကို လုပ်ခိုင်းခြင်းသည် ကျောင်းသားများ သချာ်အယူအဆ (သီအိုရမ်)များကို နားလည်ရန် ကူညီသော အချက်ဟုတ်ပါ၏လား။ သူသည် လေ့ကျင့်ခန်းစာရွက်ပေါ်ရှိ

ပုစ္ဆာတိုင်း ဖြည့်စွက်တွက်ချက်ရန် လိုအပ်သည်ဟူသောအခြေအနေအား ရုတ်သိမ်းရပ်တန့်ခဲ့ပြီး အိမ်စာလေ့ကျင့်ခန်းသည် အဘယ်ကြောင့် အရေးပါသနည်းဟူသောအချက်ကို သူကိုယ်တိုင်ရော သူ့ကျောင်း သားကိုပါ သိရှိရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ မှန်ပါသည်။ သူ ထိုချဉ်းကပ်နည်းကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်။ တစ်ဦးချင်းလုပ်နိုင်သောအလုပ်များကို ကြည့်ကာ ဖြစ်နိုင်သည်ထင်ထားတာထက် ပို၍အကျိုးနည်းကြောင်း သူတွေ့ရလေသည်။ များများလေ့ကျင့်တိုင်း အကျိုးသက်ရောက်မှုများမလာဟူသော အဖြေကို သူရှာတွေ့ခဲ့သည်။

မိဘများ၊ ပညာတတ်များအနေဖြင့် ကျွန်မတို့ ဘာကြောင့် အိမ်စာလေ့ကျင့် စေရသည်ဟူသောအချက်ကို ကောင်းစွာသဘောပေါက်ရန်လိုပါသည်။ ဤအလုပ်မှာ စာသင်ခြင်း၌ အစဉ်အလာစည်းကမ်းပုံစံကျအလုပ်အဖြစ် အရေးကြီးသည့်ကဏ္ဍတစ်ခုတော့ ဖြစ်ပါသည်။ သို့သော် ထိုသို့တာဝန်ပေးရသည့်ရည်ရွယ်ချက်ကို သင်နှင့်ကလေးတို့အကြား နားလည်မှုတည်ဆောက်ထားနိုင်ရန် လိုပါသည်။

ကလေးများစွာတို့သည် သူတို့ကို ပေးထားသည့်အလုပ်တာဝန်ကို အပြည့်အဝပြီးစီးအောင်လုပ်တတ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းက အမှတ်ကောင်းရရန် ဖြည့်စွက်ပေးနိုင်သည်ဟု သိထားသောကြောင့်ဖြစ်သည်။ သို့သော် အိမ်စာအားလုံး ပြီးစီးအောင်မလုပ်သော ကျောင်းသားအရေအတွက်သည်လည်း တဖြည်းဖြည်းများလာပါသည်။ ထို့ကြောင့် ဆရာဆရာမများနှင့်ကျောင်းသားမိဘများကို အကြံပြုလိုပါသည်။ သင်တို့တာဝန်၏အရေးကြီးပုံကို သင်တို့လက်ခံယုံကြည်သည်ဆိုပါက သင့်ကိုယ်သင် စိန်ခေါ်ပါ။ အိမ်စာလုပ်ခြင်းသည်ကောင်းကြောင်း သူတို့ကို သက်သေပြပါ။ သူတို့ကို စိန်ခေါ်ပါ။ အိမ်စာအားလုံးမပြီးသော်လည်း အမှန်တကယ်တတ်မြောက်ကျွမ်းကျင်ကြောင်း သက်သေပြခိုင်းပါ။

ထိုကျောင်းသားများသည် သူတို့အလုပ်၏ရည်ရွယ်ချက်ကို သိရှိနားလည်ကြသော်လည်း ငြီးငွေ့စရာဟု ယုံကြည်ထင်မှတ်နေကြဆဲဖြစ်ရာ အောင်မြင်မှု အမှတ်ကောင်းရနိုင်မည့် အပြန်အလှန်စိန်ခေါ်သောနည်းလမ်းဖြင့် ချဉ်းကပ်ဆွဲဆောင်ရပါမည်။ သူတို့ မည်သို့တုံ့ပြန်ရမည်ကို သူတို့ ဘာသာ တွေ့ရှိပုံဖော်လာပါစေ။

၂။ လူများကို တန်းတူညီမျှဆက်ဆံခြင်းသည် သူတို့အား အတူတူသဘောထား ဆက်ဆံခြင်းဟု မဆိုလိုပါ။

'မေမေ၊ ချာလီက သူ့ဘေးမှာရှိတာတွေအားလုံးပြောင်းပစ်နေတယ်၊ အဲဒါ မကောင်းဘူးနော်'

'ဟုတ်လား၊ သားက အဲဒီလို လုပ်ချင်သလား'

'မလုပ်ချင်ပါဘူး၊ သူ အဲဒီလို လုပ်နေတာ ကောင်းတယ်လို့ ကျွန်တော် မထင်ပေါင်'

သင့်တွင် သားသမီးတစ်ယောက်ထက် ပိုရှိပါက မောင်နှမတွေအချင်းချင်းပြိုင်ဆိုင်ကြသော ကိစ္စများဖြင့် သင်ရင်ဆိုင်နပန်းလုံးရပေမည်။ သို့သော် သင့်အနေဖြင့် ကလေးအသီးသီး၏ တစ်ဘာသာစီခြားသော သင်ယူမှုပုံစံကို အကျိုးရှိရှိ အသုံးချခြင်းဖြင့် သူတို့ခံစားမှုများဖြစ်သော မျက်နှာသာပေးသည်၊ မမျှတဘူးဆိုသည်တို့အား သက်သာစေနိုင်ပါသည်။ ကျွန်မတို့သည် လူတစ်ဦးချင်းစီဖြစ်သည့်အတွက် လူတိုင်းလူတိုင်း၌ တစ်ခုတည်းသော သင်ကြားနည်းဖြင့် အကျိုးမသက်ရောက်နိုင်ပါ။ ကျွန်မ၏ခင်ပွန်းသည် နေရာတိုင်းတွင် ကျွန်မနှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ အကြောင်းအရာတစ်ခုအား ကျွန်မတို့နှစ်ယောက် အတူတူနားထောင်ခဲ့သော်လည်း တစ်ယောက်နှင့်တစ်ယောက် လက်ခံနာယူပုံချင်းမတူသလို သဘောပေါက်နားလည် ပုံချင်းလည်း ထပ်တူမကျပေ။

ကလေးများ စိတ်ဝင်စားနိုင်မည့်အကြောင်းပြချက်ကို သင်ကြိုးပမ်းရှာဖွေမည် ဆိုပါက သူတို့ဘာပြောသလဲဟူသည့် အဓိကအချက်ကို စဉ်းစားပါ။ အခြား တစ်ယောက်အတွက် သင် စိတ်ပူမသွားပါနှင့်။

ကြည့်ပါလား တင်မ်ရဲ့၊ တကယ့်အရေးကြီးတာ ဒါလေ။ ဒါကို မင်းလုပ်နိုင်တာပဲ၊ မင်းအစ်ကိုက ဟိုဟာကိုလုပ်လိမ့်မယ်၊ အရေးကြီးတာက မင်းတို့နှစ်ယောက်စလုံး လုပ်နိုင်ဖို့ပဲကွဲ့'

သင် ပြောရမည့်စကားဖြစ်သည်။ သင်၏ကလေးများအကြား ခြားနားသော လုပ်ဆောင်ချက်များအတွက် သီးခြားစီ ချီးကျူးဂုဏ်ပြုပေးရမည်။ အဓိကအချက် ဘာလဲဟူသည်ကို သင် ထိထိမိမိ ရှင်းပြနိုင်မည်ဆိုလျှင် သူတို့အား သိမ်းသွင်းစည်းရုံးရာ၌ ပို၍အကျိုးရှိမည်ဖြစ်သည်။ လူတိုင်းကို သင့်တင့်လျောက်ပတ်စွာဆက်ဆံခြင်းသည် သူတို့အားလုံးကို အတူတူ သဘောထားဆက်ဆံခြင်းမဟုတ်ပေ။

သမားရိုးကျကျောင်းပညာရေးစနစ်သည် ထိုသဘောထားအယူအဆများဖြင့် ရင်ဆိုင်ရတတ်ပေသည်။ ပထမဆုံးသင်ရာတွင် ပြတ်ပြတ်သားသား ရှင်းလင်းပြနိုင် ခြင်းမရှိပေ။ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားနည်းအမျိုးမျိုးတွင်လည်း တစ်ဦးချင်းသင်ကြားပေးနိုင်ရန် အချိန်ယူရပေမည်။ သို့ဖြစ်ရာ ကလေးတစ်ဦးချင်းစီ၏ အရည်အချင်းကို စစ်ဆေးရာ၌ ရိုးရိုးတန်းတန်းပင် မျှတသောဓမ္မမိဌာန်မေးခွန်းများ ဖြင့်သာ တိုင်းတာလေ့ရှိကြပါသည်။ သို့ဖြစ်ရာ ကလေးများအဖို့ ပြည့်စုံအောင်မြင် သော ဘဝအတွက် ပြင်ဆင်ခြင်းထက် အကျဉ်းစခန်း၏ စီရင်ချက်ချခြင်းမျိုးနှင့် အလားတူနေပေသည်။ ဤပြဿနာအတွက် လွယ်လွယ်အဖြေပေးရန် မရှိပါ။ သို့ သော် လွယ်လွယ်မေးခွန်းထုတ်စရာတော့ ရှိပါသည်။ ယင်းမှာ ' ဦးတည်ချက်က ဘာလဲ' ဟူ၍ပင် ဖြစ်သည်။

ဦးတည်ချက်က သင်ယူနိုင်ရန် တတ်မြောက်ရန်ပင် ဖြစ်သည်မဟုတ်ပါလား။

၃။ အစွမ်းကုန်ဆွဲဆန့်အားထုတ်ခြင်းသည် ပို၍နိုင်မာနိုင်လုံအားကောင်း ထက်မြက်လာစေသည်။

ကျွန်မ ခပ်ငယ်ငယ်က ကျွန်မ၏မိခင်ပြောဖူးသော စကားကို ပြန်ကြားမိပါသည်။ *'ကောင်းပါလေ၊ ငါ မလုပ်ချင်တာတွေချည်းအများကြီးငါလုပ်နေရတယ်'* ဟူ၏။

ကျွန်မတို့သည် မိမိအတွက် သက်သောင့်သက်သာရှိပြီး အဆင်ပြေနိုင်မည့် အလုပ်မျိုးကိုသာ ရွေးချယ်လိုသောဆန္ဒရှိကြပါသည်။ သို့သော် ကမ္ဘာကြီးက ကျွန်မတို့ကို ထိုသို့ ခွင့်ပြုထားခြင်းမရှိပါ။ သို့ဖြစ်ရာ အလုပ်တွင်း၊ ကျောင်းတွင်း၊ အိမ်တွင်း၌ အောင်မြင်နေသူတိုင်းသည် သူတို့မကြိုက်သောအလုပ်ကို လုပ်နေကြရသူများပင် ဖြစ်သည်။

ကျွန်မတို့၏ကလေးများအတွက် ပညာရေးလိုအပ်ချက်တွင် အိမ်မှာရော ကျောင်းမှာပါ သူတို့၏ စိတ်ဓာတ်ရေးရာကို အသင့်ပြင်ဆင်ထားပြီး ဖြစ်ရန်လည်း ပါဝင်ပါသည်။ သို့မှသာ အချို့အရေးကြီးသည့် သင်ခန်းစာများသည် သူတို့၏ပင်ကိုစွမ်းရည်နှင့် အင်အားတို့ထက် ပို၍ဆွဲဆန့်ကြိုးပမ်းအားထုတ်စေလိမ့်မည်။ သူတို့အား ကွဲပြားခြားနားသောနည်းလမ်းဖြင့် သင်ယူနိုင်ရန် စဉ်းစားစေဖို့ စိန်ခေါ်ကြပါလိမ့်မည်။

အကယ်၍ ကျွန်မတို့ကသာ သူတို့လေးတွေအတွက် အချို့ခက်ခဲသော အကြောင်းအရာများကို ကြိုတင်ရှင်းမပြခဲ့ပါက ကလေးများအနေနှင့် သိချင်တတ်ချင်ယောင်ဆောင်၍ အလုပ်အပေါ် ကြိုးစားမှုမရှိတော့၊ လုပ်ရန်မလိုအပ်ဟု ထင်မှတ်သွားကြသည်။

အခြားတစ်မျိုးမှာ သူတို့အစွမ်းအစရှိသောနေရာ၌ သူတို့ကို အနှောင့်အယှက်ပေးခဲ့သော် သူတို့ သက်သောင့်သက်သာရှိမည်ထင်သည့်နေရာမှာ တမင်သက်သက် သွားလုပ်ကြလေသည်။

အတန်းပိုင်ဆရာမ တစ်ယောက်အနေဖြင့် ကျွန်မ မကြာမကြာတွေ့ရတတ်ပါသည်။ အလုပ်တစ်ခုကို အစပျိုးတော့မည်ဆိုလျှင် ဘာကြောင့်လုပ်ရသည်ဆိုသည့် အချက်အား ဦးစွာ ရှင်းပြပေးခဲ့ပါသည်။ ထိုအခါ ကျောင်းသားများ ထိုအလုပ်အပေါ် ပို၍အောင်မြင်တတ်ကြပါသည်။ ဥပမာ ကျွန်မက ပြောခဲ့ပါသည်။

'ကဲ အခု ဒီသင်ခန်းစာကို နည်းနည်း ဇဝေဇဝေါဖြစ်ပြီး မင်းတို့အတွက် ရှုပ်ထွေးနေတယ်လို့ထင်တဲ့သူတွေ တစ်ဆင့်ပြီးတစ်ဆင့် ရှင်းပြတာကို လိုချင်တဲ့သူတွေ ရှိသလား။ စိတ်မပူနဲ့ ဆရာမရှိတယ်။ အဲဒီနေရာကိုရောက်ရင် မရှင်းတဲ့နေရာကို ဆရာမ လာရှင်းပြပေးမယ်'

ကျွန်မအနေဖြင့် စီစဉ်တကျဖြစ်မှု စိတ်ပုံသဏ္ဌာန်ရှိသော ကျောင်းသူကျောင်းသားများ၏ မျက်နှာပေါ်တွင် သက်သာရာရသွားပုံကို တွေ့မြင်ခဲ့ရပါသည်။ သူတို့က 'ဝူး'ဟု သက်ပြင်းချကြပြီး ငါတို့ ဒုက္ခတွေနေတာ ဆရာမသိသားပဲဟူသော ကျေနပ်မှုမျိုးရသွားကြပါသည်။ များသောအားဖြင့် မှာတော့ သူတို့စိတ်ရှုပ်သည်ဟု ထင်နေသောအရာမှာ သူတို့လုပ်နိုင်သောအရာဖြစ်သွားကြသည်ကို ကျွန်မ တွေ့ခဲ့ရပါသည်။

ပုံစံပြဿနာ ဘယ်လောက်များသလဲ

မိဘများသည် မိမိတို့ချပေးသောပုံစံကို အသုံးပြုစေရာတွင် ဆင်ခြေပေးခြင်းကို မကြိုက်ကြပါ။ မကြာခဏ ကျွန်မတို့ ကြားကြရပါသည်။ 'ငါပြောတဲ့အတိုင်းလုပ်'။

ကျွန်မတို့သည် ကျွန်မတို့ပြောသည့်နည်းအတိုင်း ကျွန်မတို့ကလေးများအပေါ် မရမက တောင်းဆိုတတ်လေ့ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့သည် ကျွန်မတို့၏လုပ်နည်း ကိုင်နည်းပုံစံ သင်ယူနည်းပုံစံများ၏ အားနည်းချက်၊ အားသာချက်များကို သိရှိထားပြီးဖြစ်ကြ သည်။ အခြားနည်းလမ်းဖြင့် အောင်မြင်မှုရရန်တိုက်တွန်းဖို့သည် ကျွန်မတို့အတွက်ဌပင် အသား မကျပေ။ ကလေးများအား သူတို့အတွက် မည်သို့သက်သောင့်သက်သာဖြစ်ရန် ကြိုးပမ်းရမည်၊ မည်သည့်စည်းကမ်းချက်များ လိုအပ်သည်ဆိုသောအချက်များကို ကျွန်မတို့ လွယ်လွယ်ပေးနိုင် ရန်မှာ ကိုယ့်ပုံစံသာ အဖြစ်နိုင်ဆုံးဖြစ်နေပေသည်။

ကလေးများနှင့်ဖြစ်သော ပဋ္ဌိပက္ခများအပေါ် သင် ယဉ်ပါးသွားပြီဆိုလျှင် အမြင်အတိုင်း လက်ခံနိုင်ရန် ကြိုးစားရပေမည်။ သို့ဆိုလျှင် သင်၏သင်ယူမှုပုံစံနှင့် ကွဲပြားချက် ဘယ်လောက် များများရှိသလဲ ဟူသည်ကို သင် ဆုံးဖြတ်နိုင်လာပေလိမ့်မည်။ ထို့အတူ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်း ဆိုင်ရာ ကွဲပြားမှု မည်မျှရှိသည်ကိုလည်း သင် သိလာနိုင်ပေလိမ့်မည်။

နေရာတော်တော်များများတွင်မူ ကလေးရော မိဘပါ တမင်သက်သက်နှောင့်ယှက်ခြင်း၊ အချင်းချင်း ကဖျက်ယဖျက်လုပ်ခြင်း စသည်တို့ စတင်ခံစားကြရပေသည်။ သို့သော် ကျွန်မတို့ သည် မိမိသင်ယူမှုနည်းပုံစံနှင့်အခြားသူတို့၏ သင်ယူမှုနည်းပုံစံတို့အကြား သက်သောင့်သက်သာ ခံစားနားလည်နိုင်စေရန် ကြိုးပမ်းကြရမည်သာဖြစ်သည်။ ကလေး၏နည်းစနစ်ကို သင်တန်ဖိုး ထားခြင်းသည် သင်ရော သင့်ကလေးပါ စိတ်ကျေနပ်မှုများ ရရှိစေနိုင်မည်ဖြစ်သည်။

ပုံစံသည် အဓိကမကျပေ။ ကျွန်မ တစ်ချိန်လုံး သတိပေးလျက်ရှိပါသည်။

အဓိကမှာ ဦးတည်ချက်၊ ရည်ရွယ်ချက်ပင်ဖြစ်သည်ကို သတိပြုပါ။

ဆင်ခြေဆင်လက်များ

သင့်ဆင်ခြေ ဘာလဲ	ဘယ်သူပေးနေကျလဲ ဘာအတွက်လဲ	ဘယ်လိုပြောင်းလို့ ရအောင်လုပ်မှာလဲ
'ကျွန်တော် သိပ်ငြီးငွေ့တာပဲ'	**လက်တွေ့အလိုက်သင့် C.R** ဂရုစိုက်ရန်၊ သင်ယူရန် အကြောင်းပြချက် မဖြစ်မနေ လိုအပ်သည်။ ဒါ သိပ်အရေးကြီးတယ် ကလေးရဲ့	သူတို့ကိုယ်တိုင် စိတ်ပါ လာအောင် စိန်ခေါ်လိုက်ပါ။
	သရုပ်ခွဲ/စိတ်ကူးစီစဉ် A.S သင်၏ သြဇာညောင်းမှု၊ သင့်အပေါ်အားကိုးမှုတို့ကို ဘေးဖယ်ထားရန်လိုသည်။ စိန်ခေါ်ရသည်မှာ အလွန် လွယ်သောအလုပ်ဖြစ်ရမည်။ မင်း ဘယ်လိုသိသလဲ၊ မင်းကို ထူးချွန်တဲ့ကလေး ဖြစ်အောင် လုပ်နိုင်တယ်နော်	ယုံကြည်ရလောက်ကြောင်း သက်သေစောစောထူပြပါ။ ထိုအချက်များဘယ်ကလာ သည်ကို သူတို့ သေချာ သိအောင်လုပ်ပါ။ သုတေသနနှင့် မှတ်တမ်း တင်ခြင်းများပြုလုပ်ပါ။ သူတို့လုံ့လနှင့် အားထုတ်မှု များကို သူတို့သေချာ မှတ်မိ နေပါစေ။
'ဆရာမက ကျွန်တော့်ကို မကြိုက်ဘူး'	**စိတ်ကူးအလိုက်သင့် A.R** အကျိုးသက်ရောက်မှု တာရှည်ခံရန်အလို့ငှာ ကျောင်းတက်၊ စာသင်အလုပ်များကို ကိုယ်ပိုင်အတွေ့အကြုံများအဖြစ် အရှိန်မြှင့်ပါ။	တစ်နေ့တာ အလုပ်လုပ်ချိန် အတွင်း ဖြစ်နိုင်သမျှ အချိန် များများ အလုပ်ကို သေချာ အာရုံစိုက်ပါ။

သင့်ဆင်ခြေ ဘာလဲ	ဘယ်သူပေးနေကျလဲ ဘာအတွက်လဲ	ဘယ်လိုပြောင်းလို့ ရအောင်လုပ်မှာလဲ
	ဘာလို့မလုပ်နိုင်ရမှာလဲ။ ငါတို့အားလုံး လူတွေပဲ မဟုတ်လား ကလေးရဲ့။	သရုပ်ခွဲ၍ စီစဉ်တကျ လုပ်တတ်သော ဆရာတစ်ဦးနှင့်အလုပ်လုပ်နေချိန်တွင် ထိုဆရာကကျောင်းသားကို ကူညီပေးပါ၊ သူ့ကို မကြိုက်ဘူးဆိုသည်မှာ သူ၏ အလုံးစုံခြုံ၍ ရေလိုက်ငါးလိုက်လုပ်တတ်မှုကိုဆိုလိုခြင်းမဟုတ်ကြောင်းနားလည်ပါစေ။
'ကျွန်တော့် စာအုပ်တွေ ကျောင်းမှာ မေ့ကျန်နေခဲ့တယ်'	**အလုံးစုံခြုံ ရေလိုက်ငါးလိုက်(အလိုက်သင့်)** သူသည် ကျောင်းဆင်းချိန် ရောက်သောအခါ သူ့၌ စဉ်းစားစရာတွေအများကြီးရှိနေသူ ဖြစ်သည်။	ကျောင်းစာအုပ်နောက် တစ်စုံဝယ်ပြီး ကျောင်းတွင် တစ်စုံထား၊ အိမ်တွင်တစ်စုံ ထားပေးနိုင်ရန် ဆုံးဖြတ်ပါ။
	စေ့စေ့စပ်စပ်ကြည့်၊ သေသေချာချာစဉ်းစား၊ အိမ်ကို အားလုံးပါအောင် ယူလာနော် ကလေး။	သူ့အတွက် သီးသန့်အချိန်ထားပေးပါ။ သူ့သူငယ်ချင်းများဖြင့် အတူတကွ တွေ့ဆုံနိုင်ရန် နေရာ သတ်မှတ်ပေးထားပါ။ သူ့အိမ်ကိုယူလာရန် လိုအပ်သည်များအား အလျင်အမြန် စာရင်းလုပ်ထားပါ။

သင့်ဆင်ခြေ ဘာလဲ	ဘယ်သူပေးနေကျလဲ ဘာအတွက်လဲ	ဘယ်လိုပြောင်းလို့ ရအောင်လုပ်မှာလဲ
'ကျွန်တော်အလုပ်တွေပြီးဖို့ အချိန်ဘယ်လိုမှမရှိဘူး'	**သရုပ်ခွဲစိတ်ကူးစီစဉ် A.S** သူတို့၌ အလုပ်ကိုစေ့စေ့စပ်စပ်လုပ်ရန် တိကျသေချာသော ညွှန်ကြားချက်လိုသည်။	သူအလုပ်၏အသုံးဝင်ပုံကို သေသေချာချာ နားလည်ပါစေ၊ ထို့အတူပြီးစီးရန် သတ်မှတ်ထားသောအချိန်အတွက် အကြောင်းရင်းကိုလည်း သူ နားလည်ပါစေ။ အကယ်၍ အချိန်ပိုပြီးလိုမည်ဆိုပါက အချိန်ပိုလုပ်ခွင့်ပေးလိုက်ပါ။ သူတို့ တကယ်အလုပ်လုပ်နိုင်သည့် အချိန်ကိုကြာလာသည်နှင့် အမျှ သင် သိလာပါလိမ့်မည်။
'ကျွန်တော့်သချိုတွေ ကျွန်တော် တကယ့်ကိုမလုပ်နိုင်ဘူး'	**အလုံးစုံခြုံ** သူတို့က သချိုသဘောတရားသည် ကိုယ်တွေ့နည်း၍ ဒုက္ခပေးခြင်းဟု မြင်ကြသည်။ အချက်အလက်ကလေးလောက် ရအောင် လုပ်ကြည့်ပါကွာ၊ ဘယ်လောက်ကောင်းသလဲ တွေ့မှာပါ။	သူတို့ကို ကူညီပါ။ ထိုသဘောတရားကို နားလည်နိုင်သောအပိုင်းကလေးများ အဖြစ် ခွဲခြားလိုက်ပါ။ ဖြစ်နိုင်သလောက် အလုပ်တွေကို နည်းနည်းချင်း ခွဲပေးပါ။

သင့်ဆင်ခြေ ဘာလဲ	ဘယ်သူပေးနေကျလဲ ဘာအတွက်လဲ	ဘယ်လိုပြောင်းလို့ ရအောင်လုပ်မှာလဲ
	ရေလိုက်ငါးလိုက် (အလိုက်သင့်) သူတို့အလုပ်ကို ပြပေးရန် ခဏခဏမဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့ မည်သို့အဖြေ ရလိုက်သလဲ ဆိုသည်ကို သူတို့ တကယ် မသိကြပါ။ ငါတို့ ဘာလို့ အဆင့်တွေနောက်လိုက်ရမှာလဲ။ အဓိကအချက်က ဘာလဲ ကလေးရဲ့။	သူတို့ကို သချာ်ပုစ္ဆာတွေ လက်တွေ့ အသုံးချတတ်ဖို့ ကူညီပါ၊ ဖြစ်နိုင်ပါက အစီအစဉ်တကျ တစ်ဆင့်ပြီး တစ်ဆင့်တွက်ရန် မရမက တိုက်တွန်းမည့်အစား သဘောထားအယူအဆကို နားလည်အောင် သရုပ်ဖော်ပြလိုက်ပါ။
'ကျွန်တော်အာရုံ မစိုက်နိုင်ဘူး'	**သရုပ်ခွဲ စီစဉ်တကျ** သူတို့သည် တစ်ချိန်တွင် တစ်ခုတည်းသာ ညွှန်ပြရန်လိုကြပြီး သူများက စကားလာပြော အနှောင့်အယှက်ပေးလျှင် အာရုံစိုက်၍ မရတတ်ကြပါ။ တစ်ချိန်မှာ တစ်ခုပဲ ငါ့ကို ပေးပါကွာ၊ ဒါပေမဲ့ အဓိက တော့ပါပစေနော် ကလေး။	ကူညီပါ။ သူတို့အလုပ်အတွက် နေရာသတ်မှတ်ပေးပါ၊လွတ်လွတ်လပ်လပ် လုပ်ပါစေ၊ သိပ်အရေးမကြီးသော အလုပ်ကို နဘေးမှ စကားပြောပေးခြင်းဖြင့် အလေ့အကျင့်ရအောင် စိန်ခေါ်ကြည့်ပါ။ သင့်အိမ်မှ ကြားဖြတ်အနှောင့်အယှက်များကိုလျှော့ချပါ။

သင့်ဆင်ခြေ ဘာလဲ	ဘယ်သူပေးနေကျလဲ ဘာအတွက်လဲ	ဘယ်လိုပြောင်းလို့ ရအောင်လုပ်မှာလဲ
	အလုံးစုံခြုံ ရေလိုက်ငါးလိုက် (အလိုက်သင့်) သူတို့သည် စိတ်ဝင်စားစရာ လှုပ်ရှားမှုများနှင့် စကားစမြည် ပြောခြင်းကြောင့် အလွယ်တကူ အာရုံ ပြောင်းသွားသည်။ ဟော့၊ လူတိုင်း တစ်ခုခုလုပ်နေ ကြတယ်လေ၊ မင်း ဘာလုပ်နေ တာလဲ ကလေးရဲ့။	သူတို့အား သရုပ်ခွဲ တတ်ပြီး စီစဉ်တကျပိုလုပ် တတ်သော အဖော်ကို ရွေး ချယ်ခိုင်းပါ။ ၎င်းအဖော်က သူ့ကို အာရုံစိုက်တတ်အောင် သိမ်သိမ်မွေ့မွေ့သင်ပြပေးပါ လိမ့်မည်။

ဆောင်ရွက်ရန်အကြံပြုချက်

သင့်အိမ်သူ အိမ်သားများတွင် မည်သူက အများဆုံး ဆင်ခြေတွေ စောဒကတွေပေးတတ်ပါသနည်း။ ထိုဆင်ခြေများပေးရခြင်းအကြောင်းရင်းကို သင် စဉ်းစားနိုင်ပါသလား။

သင့်ကလေးကို ယခုအပတ် ဘာတွေပိုပြီး သင်လုပ်ပေးနိုင်သလဲ။